ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (5-4-2007) (၅၂၈၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးဝါဒအဖြစ် သတ်မှတ်ခံယူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး လက်တွဲဆောင်ရွက်

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့နယ် တရုတ်လုစ်ပြကျေးရွာ၌ ကျင်းပသော နွေစပါး မြေသြဇာကြဲပက်ပွဲ အခမ်းအနားတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၁ ရက် နံနက် ၇နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ မဲဘောင်ကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဲဘောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလိယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဇွဲကပင်တောင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဓဇနှင့် စာချဆရာတော် ဘဒ္ဒန္တခေမိန္ဒတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မဲဘောင်ဆရာတော်ကြီးအား သာသနာရေးဆိုင်ရာများလျှောက်ထားသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ ဂေါက်ကလပ်အနီး၌ ကျင်းပသော ကရင်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲသို့ တက်ရောက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းနှင့်မျိုးစေ့များကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်နှင့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလုံတို့အား အသီးသီးပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများထံ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ပျိုးထောင်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၅-၄-၂၀၀၇
(ကြာသပတေးနေ့)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတိုးပွား ကျေးလက်ပြည်သူများ အသိပညာမြင့်မား

မျက်မှောက်ကာလတွင် နိုင်ငံတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ခေတ်မီဆက်သွယ်ရေး နည်းပညာသစ်များဖြင့် စီမံဖြည့်ဆည်းပေးမှုများနှင့်အတူ လူငယ်လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို လက်လှမ်းတမီ လွယ်ကူစွာ သင်ယူနိုင်ကြပြီဖြစ်သည်။

ထိုနည်းတူ ကျေးလက်နေပြည်သူများ ဗဟုသုတတိုးပွား၊ အသိပညာမြင့်မားလာရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။

ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားခြင်းဖြင့် စာဖတ်သည့် အလေ့အထပိုမိုရရှိလာမည်ဖြစ်သည်။ စာပေဖတ်ရှုလိုသူများ၊ သက်ကြီးစာတတ်မြောက်သူများ၏ စာဖတ်ရှုနိုင်မြင့်မားလာမည်ဖြစ်သည်။ စဉ်ဆက်မပြတ် စာပေဖတ်ရှုလေ့လာဆည်းပူးနိုင်သည့် အခွင့်အလမ်းများ ရရှိမှုနှင့်အတူ ပြည်သူများ၏ အသိပညာဗဟုသုတ ကြွယ်ဝလာမည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဧပြီလ ၂ရက်နေ့က တောင်ကြီးခရိုင် အေးသာယာမြို့ နည်းပညာတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အလှူရှင်များက ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုကက်ဆက်များ၊ စာအုပ်စာစောင်များနှင့် ငွေသားအပါအဝင် ကျပ် သိန်းပေါင်း တစ်ထောင်ကျော်ဖိုး လှူဒါန်းခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာအလှူရှင်တို့၏ ပေါင်းစည်းညီညွတ်မှုအားဖြင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဒေသအလိုက် တိုးမြှင့်ဖွင့်လှစ်လျက်ရှိသည်။ ဒေသဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ဝန်ထမ်းများ၏ မွန်မြတ်သည့်စေတနာ၊ ကောင်းမွန်သည့်အစဉ်အလာများနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ကျေးလက်ပြည်သူများ၏ အသိပညာနှင့် အတွေးအခေါ်များ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်းနေ ဒေါ်ခင်ထားလတ် (၇၆)နှစ်မြောက် မွေးနေ့အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ(ဗုဒ္ဓဂယာဆရာတော်) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)(ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာန နာယက ဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးနိုင်ရေး အလေးထားဆောင်ရွက်နေ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အသုတ်ဓာတ်အားခွဲရုံတည်ဆောက်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တစ်နှစ်ပြည့် မင်္ဂလာဆွမ်းကပ် တရားတော်နာယူခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အသုတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခမ်းအနားကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အလုံမြို့နယ်ရုံးချုပ် ခန်းမဆောင်၌ ကျင်းပရာ ဝန်ကြီးနှင့် ဌာနအကြီးအကဲများက ရန်ကုန်မြို့ အလုံမြို့နယ် အောင်မင်္ဂလာပါဠိတက္ကသိုလ်ကျောင်း ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ကုဏ္ဍလထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ပင့်သံဃာတော် ၁၀ ပါးတို့အား လှူဖွယ်ဝတ္ထု၊ သင်္ကန်းတို့ဖြင့် ဆက်ကပ်ပူဇော်ခြင်း၊ အရုဏ်ဆွမ်းကပ်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ တရားတော် နာယူကြသည်။

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်-မုံရွာ ကားလမ်းမ မိုင်တိုင်(၅၅/၅)ရှိ အသုတ်ဓာတ်အား ခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံခန်းမ၌ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ မှာကြားရာတွင် မြန်မာနိုင်ငံအတွင်း မြောက်ပိုင်းနှင့် တောင်ပိုင်း၊ အရှေ့နှင့် အနောက်ဆက်သွယ်ဓာတ်အားပို့လွှတ်ပေးနိုင်ရန် မဟာဓာတ်အားလိုင်း National Great သွယ်တန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ တောင်ပိုင်းဒေသနှင့် ဧရာဝတီတိုင်းတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် အသုတ်ဓာတ်အားခွဲရုံသည် အရေးကြီးသော ဓာတ်အားခွဲရုံတစ်ရုံဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းများအားလုံးက စနစ်တကျ ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အသုတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းအတွင်း ထိန်းချုပ်ခန်း၊ ဓာတ်အားဝင်ရောက်မှုကို ထိန်းချုပ်ပေးမည့် Switch Yard အတွင်းရှိ (33.33) KV (SIEMENS) ထရန်စဖော်မာ သုံးလုံးတပ်ဆင်ပြီးစီးမှု၊ ကြွေသီးလိုင်းကြိုးများ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)မန်နေဂျာ ဦးစောဝင်းမောင်နှင့် ခွဲရုံမှူး ဦးဝင်းအောင်တို့က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်၊သာပေါင်း၊ ရေကြည်၊ ဟင်္သာတ မြန်အောင်မြို့များသို့ပို့လွှတ်မည့် ဖီဒါများကိုလည်းကောင်း၊ ကျွမ်းကျင်လုပ်သားများဖြင့် လေးတိုင်စင်နှင့် Double Circuit ကြွေသီး၊ ကြိုး၊ တန်းများ တပ်ဆင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ဦးမဟာသင်္ကြန် ခုနစ်ရက်တရားစခန်းပွဲကြီး၌ ဆွမ်းနှင့်ဝေယျာဝစ္စသုံးစွဲရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မြိုင်ဟေဝန်အိမ်ရာနေ တရားရုံးချုပ်ရှေ့နေ ဒေါ်ဥမ္မာတင်မြင့်က ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအေးကြည်(တရားရုံးချုပ်ရှေ့နေ) လက်ခံရယူစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အောင်ဇေယျလမ်းသွယ် ရွှေတောင်ကြား(၁)ရပ်ကွက်မှ ကွယ်လွန်သူမိဘနှစ်ပါးနှင့် မောင်ဖြစ်သူ ဦးစံကြီးအားရည်စူး၍ အစ်မကြီးဒေါ်သိန်းညွန့်၊ အစ်ကိုဦးဝင်းထိန်နှင့် ဒေါ်တင်သန်း၊ မောင်ဝင်းမော်၊ မကေခိုင်၊ မောင်ကျော်လင်း မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခရမ်း၀ မဟာစည် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း တွံတေးမြို့နယ် ခရမ်း၀ကျေးရွာ ခရမ်း၀ မဟာစည်သာသနာ့ရိပ်သာ၌ စတုတ္ထအကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ပြည်တွင်း၊ ပြည်ပ မဟာစည်ရိပ်သာများ၏ နာယက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော်၏ တပည့်များဖြစ်ကြသော ခရမ်းကြီး ဆရာတော် အရှင်နန္ဒိယ၊ အရှင်သုမင်္ဂလ(မန္တလေးချမ်းသာရတိုက်)၊ ထီလာအရှင်ဉာဏိဿရ၊ ခရမ်း၀ ဆရာတော် အရှင်ဓမ္မရာဇာ၊ မင်းဘုန်း ဆရာတော် အရှင်ကုန္ဒောဘာသတို့က နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ၊ လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် ရိပ်သာသို့ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၄၅၈၇၊ ၂၄၇၆၅၃ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ငွေဆောင်ကမ်းခြေ သို့မဟုတ် ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်

ချစ်ဆွေမြင့်

ကမ်းခြေ Resort ဟိုတယ်အသစ်တစ်လုံးကို ငွေဆောင်ကမ်းခြေတွင် ၁၅-၃-၂၀၀၇ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် တည်ရှိသဖြင့် ဟိုတယ်အမည်ကို Bay of Bengal Resort ဟု အမည်ပေးထားသည်။ တည်ဆောက်ချိန် နှစ်နှစ်ကာလအချိန်ယူပြီး အခံ့ညားဆုံးနှင့် ပုံစံအဆန်းသစ်ဆုံးဖြစ်အောင် ဆောက်လုပ်ထားပါကြောင်းလည်း ဟိုတယ်အုပ်ချုပ်ရေးအဖွဲ့က ပြောပြသည်။

ယခုအခါတွင် ငွေဆောင်ကမ်းခြေသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အတော်အတန် အဆင်သင့်ဖြစ်နေပြီဟု ယူဆနိုင်ဖွယ်ရာရှိသည်။ ယင်းသို့ဆိုလိုရခြင်းမှာလည်း လုံးဝဥသုံအဆင်သင့်ဖြစ်နေပြီဟု ဆိုရန် ခက်ခဲသောကြောင့် ဖြစ်သည်။ စုစုပေါင်း အလျား ကိုးမိုင်ရှည်လျားသော ငွေဆောင်ကမ်းခြေသည် ရေပြာခြင်း၊ သဲဖြူခြင်း၊ ကမ်းခြေ ပြန့်ပြူးခြင်းကြောင့်လည်း ဟိုတယ်လုပ်ငန်းရှင်များက သူတို့၏ ငွေဆောင်ကို အလွန်ဂုဏ်ယူကြသည်။ အနာဂတ်တွင် မြန်မာနိုင်ငံ၏ Tourism destination များထဲ၌ ထွန်းတောက်လာမည့် ကမ်းခြေ ကြယ်ပွင့်တစ်ပွင့်ဖြစ်လိုသော ဆန္ဒများလည်း ပြင်းပြနေကြသည်။ ငွေဆောင်ကမ်းခြေ၏ သဘာဝအလှတရား ဖွံ့စည်းမှုက လာရောက်အပန်းဖြေသူ ဧည့်သည်များကို တန်ဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုတစ်ရပ် ပေးအပ်ထားသကဲ့သို့ ဖြစ်သည်။ ငွေဆောင်ကမ်းခြေသို့ လာရောက် အပန်းဖြေကြသော နိုင်ငံတကာကမ်းခြေချစ်သူ Tourists များသည် အနည်းဆုံး သုံးညအိပ်၊ လေးရက်မှ ခြောက်ညအိပ်၊ ခုနစ်ရက်အထိလည်းကောင်း၊ အချို့ဆိုလျှင် နှစ်ပတ်လောက်အထိလည်းကောင်း ဆက်တိုက်အပန်းဖြေ နေထိုင်ရန် ဆန္ဒရှိလေသည်။

ဥပမာ-ဂျာမနီလူမျိုး Tourists များသည် မြန်မာနိုင်ငံ Tourismခရီးစဉ်ဒေသများကို လာရောက်လည်ပတ်ခွင့် ရယူကြရာ၌ အစစအရာရာ အဆင်ပြေ၍ ခင်မင်ဖွယ်ကောင်းသော လူမျိုးနှင့် လွမ်းမောဖွယ်ကောင်းသော ခရီးစဉ်ဟု ယုံကြည်ကြသည်။

လွန်ခဲ့သော ၁၀နှစ်ခန့်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ဂျာမန် Tourist တစ်နှစ်လျှင် ၆၀၀၀ခန့်သာရှိခဲ့ရာမှ ပြီးခဲ့သောနှစ်တွင် ၁၈၀၀၀ ကျော်အထိ တိုးတက်လာရောက်လည်ပတ်ခဲ့ပြီး အမေရိကနှင့် အနောက်ဥရောပမှလာသော လူမျိုးအလိုက် Tourist များထဲတွင် အများဆုံးအရေအတွက် ဖြစ်လေသည်။ ဂျာမန် Tourist တို့သည် အေးချမ်းမှုနှင့် စည်းကမ်းရှိမှုကို သဘောကျသည်ဟု ဆိုသည်။ ဈေးနှုန်းကြီးမြင့်မှု (ခေါ်) high end market အတွက် သုံးနိုင်သူများဖြစ်ပြီး မရောင်ရာဆီလူး အသေးအဖွဲကိစ္စလေးများအတွက် ဇီဇာမကြောင်တတ်ကြဟု သိရဖူးသည်။ သူတို့သည် အေးချမ်းဆိတ်ငြိမ်သော မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းခြေဒေသများသို့ တိုက်ရိုက်လည်ပတ်ပြီး ရက်ရှည်နေ၍ အိမ်သို့တိုက်ရိုက်ပြန်ကြရန်သာ ရည်ရွယ်သူများဖြစ်သည်ဟု သိရသည်။ သူတို့သည် ငပလီကမ်းခြေကို ကောင်းစွာသိရှိကြသော်လည်း ငွေဆောင်ကမ်းခြေကိုမူ သိပ်မသိကြသေးပေ။

ငွေဆောင်ကမ်းခြေရှိ ဟိုတယ်အပန်းဖြေ Resort အသစ် ဖြစ်သော Bay of Bengal Resort သည် အခန်းပေါင်း ၆၂ခန်းဖြင့် စတင်ဖွင့်လှစ်ထားသည်။ ဟိုတယ်ရှိအခန်း အမျိုးအစားများထဲတွင် Bay of Bengal Suite သည် အဆောင်အယောင်နှင့် ဈေးအမြင့်ဆုံး အခန်းဖြစ်သည်။ အဆောက်အအုံ၏ ဗိသုကာဟန်များက အရှေ့တိုင်း မဆန်ပေ။ အမေရိကန်ဗိသုကာဟန်များ အခြေခံထားသည်ဟု ယူဆရသည်။ သစ်သားတိုင်များထက် RC ကျောက်တိုင်များ၊ အုတ်နံရံ၊ သစ်သားအကာ နံရံများဖြင့် တည်ဆောက်ထားပြီး ခေါင်အချိုးများကို ပုံမှန် နှစ်ဖက်ချ၊ တစ်ဖက်ချဟန်များမှ ကင်းကွာခွဲထွက်ကာ အစောင်း၊ အမတ် ဟန်များဖြင့် ဖွဲ့စည်းထားသည်။ (ဗိသုကာသမားမဟုတ်၍ မည်သို့ခေါ်သည်ကို မသိပါ။) မှန်ချပ်ကြီးများဖြင့်လည်း မြင်ကွင်းကျယ် မြင်တွေ့ခံစားနိုင်ရန် ဖန်တီးပေးထားသောကြောင့် ပင်လယ်မြင်ကွင်းကို ကောင်းစွာကြည့်ရှုခံစားနိုင်သည်။ ရန်ကုန်နှင့် မြန်မာနိုင်ငံအနှံ့ ယနေ့ခေတ်စားနေသော အကွေးအဝိုင်းဟန်များကို မတွေ့ရသလောက်ပင်ဖြစ်နေပြီး မျဉ်းဖြောင့်အနားသတ်များဖြင့် ပုံစံဖော်ထားသည်။ ရေကူးကန်ပင်လျှင် ဆန်းသစ်သော စတုဂံတစ်ခုဟု ယူဆနိုင်သည်။ deluxe room, superior room များပါရှိပြီး ဟိုတယ်၏ အနိမ့်ဆုံးအဆင့်သည် superior room ပင် ဖြစ်သည်။ အခန်းတွင်ထားရှိသော ခုတင်၊ ဗီရို၊ ဆက်တီ၊ ရေချိုးခန်း၊ မျက်နှာသစ် basin၊ စားပွဲ၊ မီနီဘားအားလုံး၏ အရည်အသွေးနှင့် ပုံစံများက သမားရိုးကျ Idea များထက် မြင့်ထားသည်ဟု ဆိုချင်ပါသည်။ တည်းခိုသူဧည့်သည်တို့အတွက် အံ့အားသင့်စေပြီး သက်သာစွာအပန်းပြေမှု၊ စိတ်ကျေနပ်မှုရရှိမှာ အမှန်ပင်ဖြစ်သည်။

ဧည့်ကြိုခန်းမကြီး၊ ဧည့်ကြိုခန်းမမှ စားသောက်ခန်းသို့သွားသော စင်္ကြံလမ်း၊ စင်္ကြံလမ်းတစ်လျှောက်၏ တစ်ဖက်တွင် အပွင့်ထားပြီး အခြားတစ်ဖက်၌ ရေတံခွန်ကျ အုတ်နံရံလေးများ၊ အမိုးမြင့်စားသောက်ခန်းမနှင့် အမိုးမဲ့ဟင်းလင်းပြင် deckစသည်တို့သည်လည်း Resort၏ ဆွဲဆောင်မှုတစ်ရပ်ကို ပေါင်းစပ်အားဖြည့်ပေးထားသည်ဟု ခံစားမိသည်။

Bay of Bengal Resort ၏ တည်ဆောက်ထားမှုသည် ဈေးနှုန်း အမြင့်ဧည့်သည်များကို ရည်ရွယ်ထားပြီး အဆောက်အအုံဝန်ဆောင်မှုတို့နှင့် လျော်ညီသော ဈေးနှုန်းအမြင့်ကို သတ်မှတ်မည်ဟု အုပ်ချုပ်ရေးဘုတ် (Management) က ပြောသည်။ ဖွင့်ပွဲနေ့ကလည်း ခမ်းခမ်းနားနားလုပ်သည်။ နောက်ထပ်လည်း ခရီးသွား Agents များနှင့် မီဒီယာများကို ဖိတ်ကြားရှင်းလင်း ပြသဦးမည်ဟု သိရသည်။

ငွေဆောင်ကမ်းခြေသည် မြန်မာအသံထွက်ဖြင့် ဖတ်ရလွယ်သော်လည်း နိုင်ငံခြားသားတို့အတွက်မူ NGWE- ငွေဆိုသော အသံထွက်သည် များစွာခက်သည်။ ငပလီကမ်းခြေသည် သူတို့အတွက် ဖတ်ရမှတ်ရလွယ်ပြီးရှာဖွေရလွယ်ကာ လူသိများသော ကျော်ကြားသော ကမ်းခြေတစ်ခု ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းအတွက် မြန်မာနိုင်ငံ ခရီးစဉ်(**ယခင်က Burma ဟု အသိများကြသော်လည်း ယခုအခါ Myanmar ဟု သိလာကြပြီဖြစ်သည်။**)တွင် ကမ်းခြေဆိုပါက ငပလီသို့ သွားမည်ဟု ရည်ရွယ်ကမ်းလှမ်းကြမြဲဖြစ်သည်။ ငပလီကမ်းခြေတွင် အပန်းဖြေမည်ဟု ပထမကမ်းလှမ်းပြီးမှ မည်သည့်ဟိုတယ်တွင် တည်းမည်မှာ ဒုတိယအဆင့်သာဖြစ်သည်။ ငပလီရှိ Sandoway Resort, Bayview Beach Resort, Amazing Ngapali စသည်တို့တွင် တည်းခိုမည်ဆိုခြင်းမှာ ခရီးသွားအေးဂျင့် Travel agents က ဈေးကွက်ရှာ ရောင်းချပေးသော အခြေအနေပေါ်တွင်သာ မူတည်သည်။ သို့သော် ဟိုတယ် Resort ၏ ထင်ရှားမှုအရ၊ ဧည့်ဝတ်ကျေပွန်မှုအရ၊ လှပမှုအရ၊ ဆွဲဆောင်မှုအရ Sandoway Resortတွင် တည်းပါမည်ဆိုသည်မှာ နောင်ကျမှ တောင်းဆိုချက်ဖြစ်လာသည်။ ဧည့်သည်များ ရောက်ရှိလာအောင် destination ကို မူလမြှင့်တင်ရမည်။ ယင်းသို့မြှင့်တင်ရာတွင် ခရီးသွားအေးဂျင့်တို့၏ ဈေးကွက်ရှာဖွေမှုကို အားဖြည့်ရမည်။ ရောက်ရှိလာသော ဧည့်သည်စွဲလမ်းသွားစေရန်မှာ ဟိုတယ် resort ၏ စွမ်းဆောင်ရည်ဖြင့် အခြေခံရမည်ဟု အကြံပြုလိုပါသည်။ မြန်မာနိုင်ငံ ခရီးသွားဈေးကွက်အရောင်းဖွင့်ရာ၌ ယင်းသဘောတရားကို ကျော်ဖြတ်၍ မရသေးဟု ဆိုလိုသည်။

ငွေဆောင် ကမ်းခြေ၏ သဘာဝ အလှအပများနှင့် ခေတ်မီ ဆန်းသစ်သော ရေကူးကန်တို့ဖြင့် ပန်းရလှသော အပန်းဖြေဟိုတယ်။

ငွေဆောင်ကမ်းခြေကို ကမ္ဘာ့ Tourism ဈေးကွက်တွင် အမည်မပေါက်သေးဘဲ ငွေဆောင်က... resort ဟု အရောင်းဖွင့်ပေးရန်မှာ အဆင့်တစ်ဆင့် ဖြတ်ကျော်ထားသလိုဟု ထင်မြင်မိသည်။ ပြည်တွင်းကမ်းခြေများထဲမှ ငွေဆောင်ကမ်းခြေကို အထူးအစီအစဉ်အဖြစ် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များက ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအပြင် နိုင်ငံတကာ ခရီးသွားဈေးကွက်၊ ဈေးပွဲတော်များတွင် ငွေဆောင်ကမ်းခြေအဖြစ် အမည်ရနိုင်ရန်မှု ကမ်းခြေဟိုတယ်ပိုင်ရှင်များ၊ မြန်မာနိုင်ငံခရီးသွားဈေးကွက်ရှာဖွေရေးကော်မတီ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များ (ခရီးသွားအေးဂျင့်များ)တို့က ညီညီညွတ်ညွတ်စုပေါင်းအားယူ၍ ဆောင်ရွက်သွားကြရန် လိုအပ်လာပြီဟု ဆိုချင်သည်။ ဘဏ္ဍာရေး အားဖြည့်မှုများအတွက်လည်း တစ်ဦးကိုတစ်ဦး နားလည်မှုရှိစွာ ပူးပေါင်း ကြရန်လည်း လိုအပ်သည်။ ယခုနှစ်အတွက် ဂျာမနီနိုင်ငံတွင် ကျင်းပပြီးစီးသွားသော ITB (International Tourism Bourse) ဟု အများသိကြသည့် ခရီးသွားလုပ်ငန်းပြပွဲကြီးတွင် မြန်မာခရီးသွား အေးဂျင့်တို့ သွားရောက်ဆက်သွယ်ဈေးကွက်ရှာခဲ့ပြီးဖြစ်သည်။ ၎င်းတို့သည် ငွေဆောင်ရှိ ဟိုတယ်တစ်လုံးလုံးထက် မြန်မာနိုင်ငံ၏ ကမ်းခြေများကိုသာ မိတ်ဆက်ကြမည်ဖြစ်သည်။ ၎င်းထဲတွင် နာမည်ရပြီး ရှင်းပြရလွယ်သော ငပလီကမ်းခြေသည် ထင်ပေါ်မည်သာ ဖြစ်လေသည်။ ယင်းအားနည်း ချက်ကို ကျော်လွှားရဦးမည်ဖြစ်ကြောင်း သဘောတရားကို ရန်ကုန်အခြေစိုက် နိုင်ငံတကာခရီးသွား အေးဂျင့်ဒေသ မန်နေဂျာကြီး တစ်ဦးက ထုတ်ဖော်တိုက်တွန်းထားခြင်းဖြစ်သည်။ ငွေဆောင်သည် မြန်မာပြည်တွင်ရှိသည်။ မြန်မာနိုင်ငံ၏ ကျော်ကြားသော ကမ်းခြေများထဲတွင် ငွေဆောင်ဆိုတာ ရှိသည်ဆိုသော စကားစုလေးအတွက် အားလုံးကြိုးပမ်းကြရမည်ဟု အဖြေဖော်ထုတ်ရရှိနိုင်သည်။

ယင်းလိုအပ်ချက်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းမှ ဝန်ကြီးဌာနအတွက် တိုက်ရိုက်ဝင်ငွေမရရှိစေကာမူ ခရီးသွားလုပ်ငန်းစဉ် ပီပြင်အောင်မြင်အောင်ကိုမူ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အစဉ်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိသည်။ အထက်ပါ လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန်အတွက် ခရီးသွားအေးဂျင့်များ၊ ငွေဆောင်ကမ်းခြေဟိုတယ် လုပ်ငန်းရှင်များ၊ ပြည်တွင်းသတင်းမီဒီယာများ (၎င်းမှလည်း ပြည်ပသို့ Messages ရောက်နိုင်သည်။) ပါဝင်သော Forum ဖြစ်စေ၊ Seminar ဖြစ်စေ တစ်ခုခုကို ငွေဆောင်တွင် ကျင်းပရန် ဦးဆောင်နေပြီ ဖြစ်သည်။ forum မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ကြရန်၊ နားလည်မှု ယူကြရန်၊ ဈေးကွက်ဖန်တီးမှု ဖလှယ်ကြရန်၊ ငွေဆောင်၏ ခရီးသွား products များ ဖွင့်လှစ်မိတ်ဆက်ရန်၊ စီးပွားရေးစီမံခန့်ခွဲမှု ခရီးသွားကဏ္ဍဆိုင်ရာ အခြေခံသဘောတရားများ တည်ဆောက်လိုက်နာကြရန် စသည်တို့ကို ရရှိစေရန် ရည်ရွယ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဟိုတယ် Resort တစ်ခု၏ အဆင့်မြင့်ကောင်းမွန်မှုကို ဧည့်သည်က လက်ခံအသိအမှတ်ပြုသော်လည်း နောက်တစ်ဦးဆီသို့ ရောက်ရန်မှာ Intermediaries (ခေါ်) ကြားခံဆောင်ရွက်ပေးမည့် ပုဂ္ဂိုလ်၊ ကိုယ်စားလှယ်၊ စနစ်ယန္တရားတစ်ခုခု မလွဲမသွေ လိုအပ်သည်။ ယင်းလိုအပ်ချက်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ထိစပ်သွားအောင် စီစဉ်ပေးချင်လေသည်။ နိုင်ငံတကာခရီးသွားလောကသို့ သတင်းရောက်ရှိရေးအတွက် လက်တွဲကြိုးပမ်းရမည် ဖြစ်သည်။ အမှန်သတင်းဖြစ်သော **မကြာသေးမီက ဖွင့်ပြီးသော Bay of Bengal Resort သည် နိုင်ငံတကာ အဆင့်မီဆိုသည်ကို စာဖွဲ့ပြောနေရန်ပင် မလိုပါပေ။ အလိုလို ထင်ရှားလာမည်ဖြစ်သည်။ ပြောရမည်ဆိုပါက အရှေ့တောင်အာရှ ဒေသအတွင်းရှိ ကမ်းခြေအချို့မှ အချို့သော Beach Resort များသည် သူ့လောက်ပင် မကောင်းဘဲ သူ့ထက်ကောင်းဟန် ဆောင်နေကြသည်။ အလားတူပင် အခြားသော ငွေဆောင်ရှိ Beach Resort များလည်း အဆင့်မြင့်ကောင်းမွန်ကြသည်။ ရိုးရိုးပဲစဉ်းစားပြီး တင်ပြရလျှင် ယခုဆောင်းပါးသည် နိုင်ငံတွင်းထုတ် သတင်းစာနှင့် အထင်ကရ Journal များတွင် ဖော်ပြခံရသည် ဆိုပါစို့ ... ယင်းကြောင့်ပင်လျှင် ငွေဆောင်ကမ်းခြေကို သိပ်မသိသေးသူများက လှပ၍ လည်ပတ်စရာ ကောင်းသော ငွေဆောင်ကမ်းခြေဆိုသည်ရှိကြောင်း သိကြမည်ဖြစ်ပြီးလျှင် ငွေဆောင်ကမ်းခြေကို သိသူများကလည်း Bay of Bengal Resort သည် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခုအဖြစ် စိတ်ဝင်စားစွာ စူးစမ်းကြမည်သာ ဖြစ်ပေသည်။** သို့သော် လက်ချောင်းတစ် ချောင်းသည် မည်မျှအားကြီးစေကာမူ ထမင်းကော်စား၍မရကြောင်း သဘောယူ၍ လုပ်ငန်းရှင်အားလုံးအနေဖြင့် ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းအကြံပြု ရေးသားလိုက်ရပါသည်။ ။

ဗီယက်နမ်အလယ်ပိုင်းတွင် ရေနံချက်စက်ရုံတည်ဆောက်ရေး ဒေါ်လာ ၁ဒသမ ၂ဘီလီယံ စင်ကာပူရင်းနှီးမြှုပ်နှံမည်

ဟနွိုင်း ဧပြီ ၃

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဖူယန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ဘီလီယံတန်ဖိုးရှိ ရေနံချက်စက်ရုံ တည်ဆောက်ရန် စင်ကာပူကုမ္ပဏီက စီစဉ်လျက်ရှိကြောင်း လေဘာသတင်းစာက ဧပြီ ၂ရက်တွင် ဖော်ပြထားသည်။

အဆိုပါ စက်ရုံတည်ဆောက်ရန် စင်ကာပူ ဓာတုဗေဒကုမ္ပဏီနှင့် ပြည်နယ်ပြည်သူ့ရေးရာကော်မတီတို့ မတ် ၃၀ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစက်ရုံသည် ၂၀၁၂ ခုနှစ်တွင် နှစ်စဉ် ရေနံတန်ချိန် ၁ ဒသမ ၅ သန်းကို ချက်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး ရေနံချက်စက်ရုံကို ကွင်နိုင်းပြည်နယ်အလယ်ပိုင်း၌ ၂၀၀၅ခုနှစ် နိုဝင်ဘာလက စတင်တည်ဆောက်ခဲ့သည်။ ယင်းစက်ရုံ၏ ရင်းနှီးမြှုပ်နှံငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ဘီလီယံရှိပြီး ၂၀၀၈ ခုနှစ် နှောင်းပိုင်းသို့မဟုတ် ၂၀၀၉ ခုနှစ်အစောပိုင်းကာလတွင် စက်ရုံစတင်လည်ပတ်မည်ဖြစ်ကြောင်း၊ အဆိုပါ ဒန်ကွက် ရေနံချက်စက်ရုံသည် နှစ်စဉ်ရေနံစိမ်း တန်ချိန် ၆ဒသမ ၅သန်းကို သန့်စင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းစက်ရုံသည် နိုင်ငံအတွက် စွမ်းအင်လုံလောက်မှုရှိစေရန် အထောက်အကူပေးမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ အမျိုးသားရေနံနှင့် ဓာတ်ငွေ့ စီမံကိန်း၌ာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပစိဖိတ် သမုဒ္ဒရာအတွင်း ဆော်လမွန်ကျွန်းရှိဆူနာမီဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာသည်ကို ဧပြီ ၃ ရက် ကတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အင်ဒိုနီးရှား၌ ကာကွယ်ဆေး ပြတ်လပ်မှုနှင့်ကြုံတွေ့

ဂျကာတာ ဧပြီ ၃

အင်ဒိုနီးရှားနိုင်ငံ ပြည်နယ် ၃၃ ခုတွင် ကာကွယ်ဆေး ထောက်ပံ့မှုများ ပြတ်လပ်မည့် အနေအထား ဖြစ်နေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံပိုင် ကာကွယ်ဆေးထုတ်လုပ်သည့် ပီတီဘိုင် အိုဖာမာကုမ္ပဏီနှင့် ရူပီး ၁၉၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၁ သန်း) တန်ဖိုးရှိ ကာကွယ်ဆေး ဝယ်ယူမည့် သဘောတူညီချက်ကို ယခုအချိန်ထိ လက်မှတ်မရေးထိုးရသေးကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ ပြည်နယ်များသို့ ကာကွယ်ဆေးရှစ်မျိုး တင်သွင်းမှု တင်ဒါကို ဖေဖော်ဝါရီလတွင် အနောက်ဂျာဗား အခြေစိုက်ကုမ္ပဏီက ရရှိခဲ့သည်။ အဓိကအားဖြင့် အသက်ငါးနှစ်အောက်ကလေးများအတွက် ကာကွယ်ဆေးများပါဝင်ကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂျကာတာပို့စ်သတင်းစာကဧပြီ ၂ရက်တွင် ဖော်ပြထားသည်။ ပြည်နယ် ၂၃ ခုတွင် ကာကွယ်ဆေးများ ပြတ်လပ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။ သို့သော် ပြည်နယ်များ၊ ဆေးသိုလှောင်ရုံများ၌ ဆေးဝါးပြတ်လပ်နေသဖြင့် ကာကွယ်ဆေးများ ထပ်မံသိုလှောင်ထားရန်တောင်းဆိုထားသော်လည်း ယခုချိန်ထိ ကန်ထရိုက်စာချုပ်ကို သဘောတူလက်မှတ်မရေးထိုးရသေးကြောင်း ဘိုင်အိုဖာမာကုမ္ပဏီ၏ ဈေးကွက်ဒါရိုက်တာ ဆာရီမူဒင်ဆူလာမန်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပူပြင်းဆုံးရာသီ ယခုနှစ်တွင် လော့စ်အိန်ဂျလိစ် တွေ့ကြုံ

လော့စ်အိန်ဂျလိစ် ဧပြီ ၃

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်တွင် ယခုလအတွင်း မိုးရေချိန်ခြောက်လက်မသာ ရွာသွန်းခဲ့ရာ အပူဆုံးသောမိုးလဟု စံချိန်တင်ရမည်ဖြစ်ကြောင်း အမျိုးသားမိုးလေဝသဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

မတ်လအတွင်းက ရွာသွန်းခဲ့သည့် မိုးရေချိန်သည် ဒသမသုညငါးလက်မသာရှိပြီး ပျမ်းမျှအားဖြင့် မတ်လတွင် ရွာသွန်းသည့် မိုးရေချိန်လက်မအောက်သို့ သုံးလက်မလျော့နည်းခဲ့သည်။

ဇူလိုင်တွင်စတင်ခဲ့သည့် မိုးရာသီသည် ၁၈၇၇ ခုနှစ်နောက်ပိုင်းတွင် လော့စ်အိန်ဂျလိစ်မြို့တွင် အပူချိန်အများဆုံးကာလအဖြစ် စံချိန်တင်ထားနိုင်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

ယင်းသို့ ဖြစ်ရခြင်းအကြောင်းတရားသည် ကမ္ဘာကြီးပူနွေးမှုကြောင့်ဖြစ်ပြီး အပူချိန်များလာကာ ပင်လယ်ရေများမြင့်တက်လာခဲ့သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

ဇူလိုင်လ ၁ ရက်နောက်ပိုင်းတွင် အဆိုပါမြို့တွင် မိုးရေချိန် ၂ ဒသမ ၄၇လက်မရွာသွန်းခဲ့ရာ ပုံမှန်ရွာသွန်းသည့်မိုးရေချိန် ၁၃ဒသမ၉၄လက်မအောက်သို့ ၁၁ဒသမ၄၇လက်မလျော့နည်းခဲ့သည်။

ယင်းမြို့၏ နှစ်စဉ် ပျမ်းမျှမိုးရေချိန်သည် ၁၅ ဒသမ ၁၄ လက်မဖြစ်ပြီး နွေရာသီ နီးကပ်လာပြီဖြစ်ရာ တောမီးလောင်ကျွမ်းမှု အန္တရာယ်ရှိကာ ရာသီဥတုပိုမိုပူပြင်းလာသည်ဟုသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘိလပ်မြေတင်ပို့မှု ဇမ်ဘီယာရပ်ဆိုင်း

လူဆာကာ ဧပြီ ၃

ဇမ်ဘီယာနိုင်ငံ ချီလန်ဂါဘိလပ်မြေထုတ်လုပ်သည့်ကုမ္ပဏီသည်ဒေသဆိုင်ရာဈေးကွက်သို့ ဘိလပ်မြေ တင်ပို့မှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ ဇင်ဘာဘွေ ဈေးကွက်၌ ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ အဆိုပါ ကုမ္ပဏီသည် ဘိလပ်မြေစက်ရုံသစ်ကို တည်ဆောက်လျက်ရှိကြောင်း ကုမ္ပဏီတာဝန်ရှိသူကပြောကြားသည်။

ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍ ပွင့်လင်းလာသည့်အတွက် ဒေသဆိုင်ရာ ဘိလပ်မြေဝယ်လိုအား ပိုမိုများပြားလာကြောင်း အဆိုပါကုမ္ပဏီ ဒါရိုက်တာ အီဂျီချန်ဂူ၏ပြောကြားချက်ကို ကိုးကား၍ ဇမ်ဘီယာတိုင်းမ် သတင်းစာက ရေးသားဖော်ပြသည်။

ချီလန်ဂါ ဘိလပ်မြေကုမ္ပဏီသည် အမေရိကန်ဒေါ်လာ သန်း၁၂၀ တန်ဖိုးရှိ ဘိလပ်မြေစက်ရုံသစ်ကို တည်ဆောက်လျက်ရှိကြောင်း ယင်းစက်ရုံမှ နှစ်စဉ် ဘိလပ်မြေ တန်ချိန် ၈၀၀၀၀၀ ထိ ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တစ်နာရီလျှင် ၅၇၄ ဒသမ ၈ ကီလိုမီတာအထိ အမြန်နှုန်းစံချိန်တင်ထားသော ပြင်သစ်ရှိ ရထားတစ်စင်းကို ပါရီမြို့၌ ဧပြီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တောင်ကိုရီးယားပို့ကုန်တင်ပို့မှု ၁၄ ရာခိုင်နှုန်း မြင့်တက်

ဆိုးလ် ဧပြီ ၂

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ မတ်လတွင် ၁၄ ရာခိုင်နှုန်း မြင့်တက်လာပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၀ဒသမ ၆ဘီလီယံရှိကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

ပို့ကုန်တင်ပို့မှု မြင့်တက်လာခြင်းမှာ အဓိကအားဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ သင်္ဘောများ၊ ရေနံဓာတုပစ္စည်းများနှင့် သံမဏိပစ္စည်းများဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဖြစ်သည်။ သွင်းကုန်တန်ဖိုးမှာ မတ်လတွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁ဘီလီယံရှိပြီး ၁၂ဒသမ ၁ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ လစဉ် ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၁ဒသမ ၅ဘီလီယံရှိကြောင်း ဝန်ကြီးဌာနကဖော်ပြသည်။ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ၁၄လဆက်တိုက်မြင့်တက်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျူးဘားနိုင်ငံ ဟာဗားနားလေဆိပ်တွင် မျက်စိကုဆေးရုံလေယာဉ်ကြီး (ORBIS)ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မိုဇမ်ဘစ်လေယာဉ်ဆင်းသက်စဉ် ဘီးလေးလုံးပေါက်ကွဲ

မာပူတို ဧပြီ ၃

မိုဇမ်ဘစ်ခရီးသည်တင်လေယာဉ်သည် နိုင်ငံအလယ်ပိုင်းရှိ ဘီအီရာမြို့ လေယာဉ်ကွင်းတွင် ဧပြီ ၁ရက်က ဆင်းသက်စဉ် လေယာဉ်ဘီးလေးလုံး ပေါက်ကွဲသွားသဖြင့် ခရီးသည်ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

မတော်တဆမှုဖြစ်ပွားသော လေယာဉ်သည် လမ်(LAM)လေကြောင်းလိုင်းပိုင် ဘိုးရင်း–၇၃၇ လေယာဉ်ဖြစ်ကြောင်း ထိုလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ အက်ဒမ်ယူဆွတ်ကဆိုသည်။

အခင်းဖြစ်ပွားနေချိန်၌ ရာသီဥတုဆိုးရွားနေချိန်ဖြစ်ပြီး လေယာဉ်၏ ဘီးလေးလုံး ကွဲထွက်သွားသည်။ ခရီးသည်များအနက်မှ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိသူ မရှိသကဲ့သို့ လေယာဉ်လည်း ကြီးကြီးမားမား ပျက်စီးသွားခြင်း မရှိကြောင်း ၎င်းက ဧပြီ ၂ရက်တွင် ပြောကြားသည်။

အဆိုပါ လေယာဉ်တွင် ခရီးသည် ၁၂၀နှင့် လေယာဉ်အဖွဲ့သားငါးဦးတို့ လိုက်ပါလာကြသည်။ ခရီးစဉ်မှာ မာပူတိုမြို့တွင် စတင်ပြီး ဘီအီရာမြို့၌ တစ်ထောက်နားကာ နိုင်ငံမြောက်ပိုင်းရှိ နမ်ပူလာသို့ ဆက်လက်ပျံသန်းရန် ဖြစ်သည်။

လမ်လေကြောင်းလိုင်းသည် ဘိုးရင်း–၇၃၇–၂၀၀ လေယာဉ်လေးစင်းဖြင့် တောင်အာဖရိက၊ ဇင်ဘာဘွေ၊ တန်ဇန်းနီးယားနှင့် ပေါ်တူဂီနိုင်ငံများသို့ ပျံသန်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဧပြီ ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် နိုင်ငံတကာ ဆွေးနွေးပွဲ စင်ကာပူတွင် ကျင်းပ

စင်ကာပူ ဧပြီ ၃

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတကာကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံတွင် တနင်္လာနေ့က ကျင်းပကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို) ညွှန်ကြားရေးမှူး မာဂရက်ချန်း တက်ရောက်သည်။ ပြည်သူလူထု၏ ကျန်းမာရေး တိုးတက်ကောင်းမွန်စေမည့် နည်းများ ချမှတ်ဖော်ဆောင်ရန်နှင့် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာများအတွက် အရေးယူ ဆောင်ရွက်ကြရန် ချန်းက တိုက်တွန်းသည်။

ကမ္ဘာ့လူသား၏ အခြေစိုက်နေထိုင်ပုံပြောင်းလဲကာ ကမ္ဘာရွာအဖြစ် ပေါင်းစည်း လုပ်ကိုင်ကြခြင်းတို့ကြောင့် ရောဂါဘယသစ်များ ပေါ်ထွက်လာနေကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များနှင့် အထက်တန်းတာဝန်ရှိသူများ တက်ရောက်ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တောင်ကိုရီးယားဝန်ကြီးချုပ်သစ် အတည်ပြု

ဆိုးလ် ဧပြီ ၃

တောင်ကိုးရီးယား အမျိုးသားလွှတ်တော်သည် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဟန်ဒတ်စူးအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် တနင်္လာနေ့တွင် အတည်ပြုပေးလိုက်သည်။

ဝန်ကြီးချုပ်ရာထူးတွင် ဟန်ဒတ်စူးအား ခန့်အပ်နိုင်ရန် သမ္မတနိုမူဟွန်းက မတ် ၉ ရက်တွင် အမည်စာရင်းတင်သွင်းခဲ့သည်။ ဟန်ဒတ်စူးသည် လာမည့် ဒီဇင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရာထူးမှနုတ်ထွက်သွားသော ဝန်ကြီးချုပ် ဟန်မြောင်ဆွတ်၏ နေရာတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဟန်ဒတ်စူးသည် ဟားဗတ်တက္ကသိုလ်မှ ဘောဂဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သူဖြစ်သည်။၎င်းသည်ဘဏ္ဍာရေးဆိုင်ရာအထက်တန်းရာထူး၌ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကယ်လီဖိုးနီးယား တောင်ပိုင်းတွင် တောမီးလောင်ကျွမ်း

လော့စ်အိန်ဂျလိစ် ဧပြီ ၃

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား တောင်ပိုင်းပြည်နယ် ဆန်ဘာနာဒီနိုဒေသတွင် ယခုတိုင် တောမီးလောင်ကျွမ်းလျက်ရှိရာ အိမ်ခြေ ၂၃၀ ကို သက်ဆိုင်ရာက ရွှေ့ပြောင်းပေးရကြောင်း မီးသတ်သမားများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရာချီရှိသည့် မီးသတ်သမားများနှင့် ရဟတ်ယာဉ်များက အဆိုပါ တောမီးကိုငြိမ်းသတ်လျက်ရှိကြပြီး မီးကြောင့် ဧက ၂၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

မုန်တိုင်းအန္တရာယ် မာဒါဂါစကာ ထပ်မံကြုံတွေ့

အန်တာနာရီဗို ဧပြီ ၃

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ် တွေ့ကြုံခံစားခဲ့ရသော မာဒါဂါစကာနိုင်ငံတွင် အင်္ဂါနေ့က နောက်ထပ်တစ်ကြိမ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုနှင့် ရင်ဆိုင်ရကြောင်း မိုးလေဝသသတင်းဌာနက ပြောကြားသည်။

ဂျာယာဟု၍အမည်ပေးထားသော ဆိုင်ကလုန်းသည် တနင်္လာနေ့ နံနက်က မာဒါဂါစကာအရှေ့မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းမှ ကီလိုမီတာ ၄၀၀ အကွာသို့ ရောက်ရှိနေကြောင်း၊ အင်္ဂါနေ့ ညနေ ၄ နာရီခန့်တွင် မုန်တိုင်းဝင်ရောက်လာနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း ဈေးအတွင်းဗုံးကွဲ

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းဈေးတစ်ဈေးအတွင်းတွင် ဧပြီ ၂ရက်က ဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး လူသုံးဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိသွားကြောင်း ဒီယာလာပြည်နယ် ရဲတပ်ဖွဲ့မှ လာသော သတင်းက ဖော်ပြသည်။

ယင်းပေါက်ကွဲမှုသည် ခါလစ်မြို့ ဈေးအတွင်း လူစည်ကားချိန်၌ ဖြစ်ပွားခြင်း ဖြစ်သည်။ ထိုမြို့သည် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၇၅ ကီလိုမီတာအကွာတွင် တည်ရှိပြီး ဗုံးမှာ အထုပ်တစ်ထုပ်အတွင်းမှ ပေါက်ကွဲခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းဒေသတွင် လွန်ခဲ့သည့် ရက်သတ္တပတ် အားလပ်ရက်က ဗုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့ရာ ဘဂ္ဂဒက်မြို့တော်၌ လုံခြုံရေးအစီအစဉ်သစ်များ စတင်ဆောင်ရွက်ပြီးခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအများဆုံးဖြစ်စဉ်ဖြစ်သည်။

စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ်အတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့သည်ဟု အမေရိကန် စစ်ဘက်က ကြေညာချက်တွင် ဖော်ပြထားသည်။ ပထမအကြိမ်ဗုံးပေါက်ကွဲမှုကို တုံ့ပြန်ခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်များအနီး လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် တပ်ဖွဲ့ဝင် လေးဦး ထပ်မံသေဆုံးခဲ့သည်။ ပထမအကြိမ် ဗုံးပေါက်ကွဲမှုသည် စနေနေ့ညနေပိုင်းက ဖြစ်ပွားခဲ့ပြီး ဒုတိယအကြိမ် ဗုံးပေါက်ကွဲမှုသည် တနင်္ဂနွေနေ့ စောစောပိုင်းတွင် ဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်ရေဘေး တရုတ်နိုင်ငံ ငွေကြေးကူညီ

ကဘူး ဧပြီ ၃

အာဖဂန်နစ္စတန်တွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဘေးဒုက္ခရောက်ရသူများအား ကူညီနိုင်ရန် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၅၅၀၀၀ ပေးအပ်ကြောင်း ယနေ့ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်အများအပြားတွင် ရေလွှမ်းမိုးမှုများနှင့် ဆီးနှင်းများ အရည်ပျော်ကျမှုတို့ကြောင့် လူအများအပြား သေဆုံးခဲ့ရပြီး နေအိမ် ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း ဘောယိုနီအရပ်တွင် လေကြောင်းတပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်နေကြသည်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေဂို့စ်မြို့တွင် ဓားပြတိုက် ငွေနှင့် ပစ္စည်းများ လုယက်ယူဆောင်

လေဂို့စ် ဧပြီ ၃

သေနတ်ကိုင်ဓားပြ ၄၀ခန့်က နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့ရှိ အိုင်ကီဂျာ ဒေသကို တနင်္ဂနွေနေ့က ဝိုင်းဝန်းတိုက်ခိုက်ပြီး လိုင်ရာငွေ (နိုင်ဂျီးရီးယားနိုင်ငံသုံးငွေ) ၁၁ ဒသမ ၅ သန်း(ဒေါ်လာ ၉၀၀၀၀ ခန့်) တန်ဖိုးရှိ ပစ္စည်းများကို လုယက်သွားကြောင်း ရဲသတင်းရပ်ကွက်က တနင်္လာနေ့တွင် ပြောကြားသည်။

ဓားပြများသည် ဘတ်စ်ကားနှစ်စီး၊ ပစ်ကပ်နှင့် ထရပ်ယာဉ်များ အပါအဝင် မော်တော်ယာဉ်လေးစီးဖြင့် ၎င်းဓားပြများက နံနက် ၁ နာရီခန့်တွင် ရောက်ရှိလာပြီး လေးနာရီအထိ ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်ဟု လေဂို့စ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အိုဂျာကျူနီက ပြောကြားသည်။

၎င်းတို့သည် ခေတ်မီလက်နက်များ ကိုင်ဆောင်ထားပြီး ကွန်ပျူတာနှင့် တယ်လီဖုန်းရောင်းသည့် ဆိုင်ကြီးနှစ်ဆိုင် အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ခဲ့သည်ဟု ဆိုသည်။

၎င်းဓားပြများက ပထမဆိုင်မှ လိုင်ရာငွေ ၆ ဒသမ ၅ သန်း ရယူခဲ့ပြီး ဒုတိယ ဆိုင်ကြီးမှ လိုင်ရာငွေ ငါးသန်းကို မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားခဲ့သည်။

၎င်းတို့က ဆဲလ်ဖုန်းအမျိုးမျိုး၊ ကွန်ပျူတာများနှင့် အခြားပစ္စည်း ပစ္စယများကိုလည်း ယူဆောင်သွားခဲ့ကြောင်း၊ ၎င်းတို့က အဆိုပါ ဆိုင်နှစ်ဆိုင်တွင် ငွေအများအပြား သိမ်းဆည်းထားသည့် သတင်းကို ကြိုတင်ရရှိထားကြောင်း အိုဂျာဂျူနီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အမေရိကန်နိုင်ငံ တောင်ကယ်လီဖိုးနီးယားရှိ စန်ဒီလို တိရစ္ဆာန်ဥယျာဉ်အတွင်း ခြင်္သေ့သားအမိနှစ်ကောင်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဖဟိုအဖွဲ့ ဆရာတော်များနှင့် သင်ကြား/စီမံ ဆရာတော်များအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာတော်ဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် ဇွန် ၄

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များနှင့် သင်ကြား/စီမံ ဆရာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်းကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပရာ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ဝန်ကြီးနှင့် ပရိသတ်များက သြဝါဒကထာ နာယူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က နိဂုံးချုပ်သြဝါဒ ကထာမြွက်ကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၏ ဇနီး ဒေါ်ဆွေဆွေဦး အခြေခံကြက်ခြေနီသင်တန်း အမှတ်စဉ်(၁/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အခြေခံကြက်ခြေနီသင်တန်း အမှတ်စဉ် (၁/ ၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၏ဇနီး ဒေါ်ဆွေဆွေဦးသည် ဇွန် ၂ရက်တွင် နယ်မြေခံတပ်ရင်း၌ ကျင်းပသော အခြေခံကြက်ခြေနီသင်တန်း အမှတ်စဉ်(၁/ ၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲတွင် ကြက်ခြေနီ အသင်း ဒုတိယတပ်ရင်းမှူး ဦးစိုးသိန်း က ကြက်ခြေနီအသင်းများအနေဖြင့် တပ်ဖွဲ့ဝင်အင်အားများ တိုးတက်များပြား လာစေရေးအတွက် တပ်ရင်း၊တပ်ဖွဲ့ များ၌လည်း သူနာပြုဘာသာရပ် များကို ကျွမ်းကျင်စွာ တတ်မြောက် ထားပြီး လက်တွေ့နယ်ပယ်တွင်ပါ ကျင့်သုံးလာစေရန်ဖြစ်ကြောင်း၊ ယခု ဖွင့်လှစ်လိုက်သော သင်တန်းသည် အခြေခံသင်တန်းဖြစ်သည့် အလျောက် စာတွေ့၊ လက်တွေ့များအပြင် လူသား အကျိုးပြုပညာရပ်များကို ကျွမ်းကျင်စွာ သင်ယူသွားကြပါဟု ပြောကြားသည်။

အသင်းဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးကိုကိုက ဤ သင်တန်းသည် ပထမအကြိမ် ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း၊ မြန်မာ နိုင်ငံကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်ဖြစ်သော "ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်"ဆိုသည့် ရည်ရွယ်ချက်ကို သင်တန်းသားမောင်မယ်များ အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုကြောင်း အကျယ်တဝင့်မှာကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၄

မြန်မာ့နှစ်ကူး တန်ခူးလ အတာသင်္ကြန်ကို ကြိုဆိုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်ထက်မွန် (ရေစကြို)၊ တိုးဝေ၊ ဇော်မင်းမင်းဦး၊ တက္ကသိုလ်မောင်မောင်ခင်၊ အေးမ (ကလော)၊ မိုးပန်းမွန်(ရာမည)၊ မင်းသွေးနွယ် (ဇီးကုန်း)၊ ရွှေမှိုင်-မောင်ဖူးဝါတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ချစ်နိုင်(စိတ်ပညာ)၊ တင်မြင့်၊ နီမင်းညို၊ ပခုက္ကူဦးအုံးဖေ၊ မြင်းခြံကျော်အောင်၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ တက္ကသိုလ်ဝင်းမြင့်၊ ဒေါက်တာလှဖေ၊ အောင်စည်ဟိန်း၊ ပန်းတနော်နောင်လတ်၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးစံတင်အောင်(ရွှေဘို)၊ခိုင်လွင်ဦး(ထီးဆောင်း)၊ အေးမျိုးကြည်၊ထွေးကြည်(သလ္လာဝတီ)၊ မနုဿကျော်ဝင်း၊ သိန်းဇော်(ရွှေလီဦး)၊ ခိုင်ကျော်နွယ် (ကျောက်တော်)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ မောင်တင်ယု၊ စိုးစံ၊ မောင်နေမွန်၊ ဟာမိုနီတို့၏ ကာတွန်းများ၊ သူရိန်ဝင်း(ဇီးကုန်း)၊ ပြေအေး(မြင်းမူ)၊ ကိုသက်(ဇီးကုန်း)၊ တင်မောင်အေး(ပြန်/ဆက်)၊ တက္ကသိုလ်သျှင်သီရိ၊ ကိုထွန်းထွန်း (သာယာဝတီ)၊နီငြိမ်း(အညာတက္ကသိုလ်)၊ စေတနာလှိုင်-ရေစကြိုတို့၏ ဆောင်းပါးများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ရုပ်ရှင်ကဏ္ဍများဖြင့် သုတရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ အပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် လှူဒါန်း

ရန်ကုန် ဇွန် ၄

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း သုံးထပ်တိုးမြှင့်ဆောင်အတွက် အလှူတော်ငွေများ လှူဒါန်းကြရာ ကိုကျော်ကျော်ခိုင်မွေးနေ့အတွက် သဃ်္ဃန်းကျွန်း ဝေဇယန္တာ ဥယျာဉ်အိမ်ရာ (၃)လမ်းနေ မိသားစုကငွေကျပ်နှစ်သိန်း၊ ဝေဇယန္တာအိမ်ရာနေ (ဦးကိုကို)-ဒေါ်သင်းကြည်မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကင်း(၁၂)ရပ်ကွက် သစ္စာလမ်း ဦးဖေသိန်း(လျှပ်စစ်)၏ (၇၅)နှစ်ပြည့်မွေးနေ့အတွက် ငွေကျပ်တစ်သိန်း၊ ဗိုလ်တထောင်မြို့နယ် (၄၈) လမ်း ဗိုလ်ချုပ်လမ်း(ဦးညွန့်ဖေသန်း)အား ရည်စူး၍ ဒေါ်သောင်းမြင့် သားသမီးတစ်စုက ငွေကျပ်တစ်သိန်း၊ သုဝဏ္ဏ ကျွန်းရွှေမှိုင်လမ်း (စက်ရှင်မင်းကြီး ဦးစိန်ရင်-ဒေါ်နှင်းရင်)နှင့် မိဘများဖြစ်သော ဗိုလ်မှူးကြီးလှဖေ (ငြိမ်း)၊ ဒေါ်ခင်မေစီတို့ကို ရည်စူး၍ ဦးညီညီဖေ-ဒေါ်ခင်စိုးမိုးမိသားစု ငွေကျပ်တစ်သိန်း၊ ဦးကောင်းထွင့်-ဒေါ်နီလာဖေ ငွေကျပ်တစ်သိန်း၊ ဒေါ်သီတာဖေက ငွေကျပ်ငါးသောင်း၊ ရန်ကင်း (၁၅)ရပ်ကွက် ဘောက်ထော်ဈေးလမ်း ဒေါ်ကြင်နှင့် သားသမီးတစ်စု ငွေကျပ်နှစ်သိန်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း စွယ်တော်လမ်း ဦးမြတ်သာ-ဒေါ်တင်အေးမိသားစုက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။ သုံးထပ်တိုးမြှင့်ဆောင်အတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်မြတ်ကြီးတွင် တည်ထားသော ပတ္တမြားမျက်ရှင် မုနိဘုရားနှင့် ဂန္ဓကုဋီစံကျောင်းတော်အား ငွေကျပ် ၁၁သိန်းခုနစ်သောင်း ကျခံ ပြန်လည် မွမ်းမံတည်ဆောက်ခဲ့သော အလှူရှင်အား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇွန် ၃ရက်က ယင်းစံကျောင်းတော်၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က စံပြစီမံကိန်း (၂)ရပ်ကွက် သခင်ဖိုးလှကြီးလမ်းနေ ဦးနေလင်းစိုး-ဒေါ်တင်နွယ်ဦး၊ သား မောင်ဆန်းလင်းကျော် အလှူရှင် မိသားစုအား အနုမောဒနာ ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၅၀၆)

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၇) ထွက်ပြီ

ရန်ကုန် ဇွန် ၄

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၇)ကို ၂၀၀၇ ခုနှစ် ဇွန် ၁ ရက်၌ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဒို့ကျေးရွာ ဝင်ငွေတိုးစေဖို့ မိုးကြိုစပါးစိုက်ကြစို့၊ မြေကျန်းမာရေး အလေးထားပါ၊ ခာတ်ခွဲခန်းအတွင်း တစ်သျှူးမျိုးပွားနည်း အဆင့်ဆင့်၊ ဖြစ်ထွန်းအောင်မြင်နေသော ပျားလိမ္မော်ခြံ စသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ ဖြည့်စွက်အစာထည့်သွင်း ငါးမွေးမြူခြင်း၊အန္တရာယ်ကင်း ကြက်သားဟင်း၊ ဆိတ်ဆေး စသည့် မွေးမြူရေးဆောင်းပါးများ၊ အရေးပေါ်ဆေးတစ်ခွက်၊ သဇင်ဥ၏ ဆေးဖက်ဝင်ပုံ၊ ကြံ၏ဂုဏ်သတ္တိများ၊ မှဲ့ပျောက်နည်း စသည့် ကျန်းမာရေး ဆောင်းပါးများ၊ ထူးမြတ်သည့် မြန်မာ့ရိုးရာသင်္ကြန်ခါ၊ ကုန်စုံဆိုင်ကြီး၊ ပုသိမ်မြို့၏ ဒေသထွက်ကုန် ပုသိမ်ထီးလုပ်ငန်း၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသား စသည့် သုတ၊ ရသ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများ စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပြီး ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂/၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အုတ်တွင်းချည်ပေါင်ပျော့ဖတ်စက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး
တစ်နှစ်လျှင် ချည်ပေါင်ပျော့ဖတ် မက်ထရစ်တန် ၅၀၀၀ ထုတ်လုပ်ရန် တည်ဆောက်နေ

နေပြည်တော် ဧပြီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂ရက် ညနေပိုင်းတွင် ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီးရှိ အုတ်တွင်းချည်ပေါင်ပျော့ဖတ် စက်ရုံစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးကိုလေးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာနမှ ချည်ပေါင်လျှော် အစိမ်းခွာကို အဓိကကုန်ကြမ်းအဖြစ်အသုံးပြု၍ ချည်ပေါင်ပျော့ဖတ်နှင့် စက္ကူ စသည့် တန်ဖိုးမြှင့်ထုတ်လုပ်သွားမည့် လုပ်ငန်းစီမံချက်နှင့် စက်များတပ်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြရာ အထွေထွေမန်နေဂျာ ဦးရဲခေါင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ရုံတည်ဆောက်မှု လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ စမ်းသပ်လည်ပတ်သည့် ကာလအတွင်း သတ်မှတ်ချက်အတိုင်း အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရန် ဦးတည်ဆောင်ရွက်ရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ ဝန်ထမ်းများနှင့် စက်ရုံလုပ်သားများအတွက် သက်သာချောင်ချိမှုရရှိရန် ဆောင်ရွက်ရေး၊ စက်ရုံဝန်းကျင်ဒေသတွင် လိုအပ်သော ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရေး အတွက် မှာကြားကာ စက်ရုံ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနတာဝန်ခံများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီးရှိ အုတ်တွင်း ချည်ပေါင်ပျော့ဖတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ထို့နောက်ဝန်ကြီးသည် စက်ရုံရှိ ပျော့ဖတ်သန့်စင်ဌာန၊ ချက်အိုးဌာန၊ ပျော့ဖတ်အချပ် ထုတ်လုပ်သည့်ဌာန၊ ဓာတ်အားခွဲစက်ရုံ စက်မှုစက်ပြင်ဌာန၊ သုတေသနဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အုတ်တွင်း ချည်ပေါင်ပျော့ဖတ်စက်ရုံ ချည်ပေါင်လျှော် အစိမ်းခွာခြောက်ကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ တစ်ရက်လျှင် ချည်ပေါင်ပျော့ဖတ် ၁၅မက်ထရစ်တန်နှုန်းဖြင့် တစ်နှစ်လျှင် ချည်ပေါင်ပျော့ဖတ် မက်ထရစ် တန် ၅၀၀၀ ထုတ်လုပ်နိုင်ရန်အတွက် တည်ဆောက်နေခြင်းဖြစ်ပြီး မကြာမီကာလ အတွင်း စမ်းသပ် လည်ပတ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လင်းလွန်းပင် ညချမ်းဓမ္မသဘင်အထူးတရားပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက်လုံးဆိုင်ရာ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်တော်ကြီး အောင်မြင်ပြီးမြောက်စေရန် ရည်ရွယ်၍ အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဧပြီ ၇ရက်တွင် အရှင်ပညာဇောတ (မိုးကုတ်ဓမ္မကထိက)ဆရာတော်က လည်းကောင်း၊ ၈ရက်တွင် အရှင်ခေမာသိရီလင်္ကာရ သီတဂူကြယ်တစ်ပွင့် (ရွှေပြည်ဟိန်း) ဆရာတော်က လည်းကောင်း၊ ၉ရက်တွင် ဒေါက်တာ အရှင်သောပါက (M.A, Ph.D) ဆရာတော်ကလည်းကောင်း၊ ၁၀ရက်တွင် ဒေါက်တာအရှင်ပညိဿရ (B.A., M.A, Ph.D) ဆရာတော်ကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟုသိရသည်။ (က-ပ)

ကမ္ဘောဇအရှင်လက္ခဏ တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် မိုးမိတ်ကျောင်းတိုက် မိုးကုတ်ဓမ္မကထိက ကမ္ဘောဇ အရှင်လက္ခဏ(ဓမ္မာစရိယ) B.S.T (Dip), B.A (Geog) ပအိုဝ်းဆရာတော်သည် သင်္ကြန်ရက်များတွင် ဆီဆိုင်မြို့၌လည်းကောင်း၊ ဧပြီ ၁၉ရက်မှ ၂၆ရက်အထိ နောင်ထောဝ်ကျေးရွာ၌ လည်းကောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မဟာဆေးဝက်ပါကျောင်းတိုက် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဆေးဝက်ပါကျောင်းတိုက်(၄၈)ကြိမ်မြောက် အာလိန်ငါးဆင့် အကွေ့တစ်ထောင် အကောက်တစ်ထောင် ဗုဒ္ဓပူဇနိယပွဲ၊ ရဟန်းခံရှင်ပြု၊ သိက္ခာထပ်ပွဲနှင့် သက်ကြီးဝါကြီးပူဇော်ပွဲကို ဧပြီ ၉ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး ၁၂၀ ကျော်တို့အား သင်္ကန်းဒွိစုံနှင့် ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကုသိုလ်ပြုလိုသူများ ဖုန်း-၆၄၀၃၆၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၁၊ လျှပ်စစ်)

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် စီမံကိန်းမှ တာဝန်ရှိ အင်ဂျင်နီယာများနှင့်အတူ ပင်မတမံ၏ လက်ယာဘက်ကမ်းမှနေ၍ ပင်မတမံ၏ လက်ဝဲဘက်ကမ်းရှိ ရေတားနံရံ (Separation wall) တည် ဆောက်ခြင်းလုပ်ငန်း၊ R.C.C ကွန်ကရစ်တမံ Stage (6) သွန်းလောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးအား စီမံကိန်း ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းတို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းရရှိမှုနှင့် လုပ်ငန်းသုံးယာဉ်၊ စက်ယန္တရား အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စီမံကိန်း၏ လက်ဝဲဘက်ကမ်း Stage(5+7) သို့ရောက်ရှိပြီး ဓာတ်အားပေး စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်း (Penstock) ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်း ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းအလိုက် တာဝန်ရှိသူများအား ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အားသွန်ခွန်စိုက် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရေး၊ စီမံကိန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိ တပ်ဆင်နိုင်ရေးအတွက် နိုင်ငံခြားသားပညာရှင်များ၊ စီမံကိန်းတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စီမံကိန်းကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး တို့ကို ဆွေးနွေးမှာကြားသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀သန်းခန့် ထုတ်လုပ်နိုင်မည့် အကြီးစား ရေအားလျှပ်စစ်စီမံကိန်း ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၄

ပဲခူးတိုင်း ဇီးကုန်းမြို့နယ် မြောက်လွှတ်ကုန်းကျေးရွာ၌ ဧပြီ ၃ရက် ည ၇နာရီတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ငါးလုံး မီးလောင်ဆုံးရှုံးပြီး လူ ၂၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း။

ပဲခူးတိုင်း မင်းလှမြို့နယ် ချောင်းနက်ကျေးရွာ၌ ဧပြီ ၃ရက် ည ၉နာရီတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ငါးလုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုငါးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဧပြီ ၁ရက်က အလှူရှင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းချစ်ဦး-ဒေါ်ညိုညိုဝေလွင်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၃၀၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀ ၁၀။ ခါသင်္ကြန် အဆိုးအကများ
၅:၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ခါသင်္ကြန်အဆိုအကများ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၇။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မေတ္တာစမ်းရေ” (အပိုင်း-၄)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ကုန်သွယ်သုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရွှေမင်းသမီး”(ဒုတိယတွဲ)(အပိုင်း-၃၃)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

*** ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက သတ်မှတ်နေရာအသီးသီးတို့တွင် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို အသီးသီးပျိုးထောင်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပျိုးခြံအတွင်း ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်နေကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ကရင်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတွင် ပျိုးပင်ပေါင်း ၁၈၀၀၀၀ကို စုပေါင်းပျိုးထောင်ကြခြင်းဖြစ်ပြီး ယခင်က ပျိုးထောင်ထားရှိပြီးသော အပင်အရေအတွက်မှာ ၃၆၀၀၀၀ ဖြစ်သည်။ ကရင်ပြည်နယ်တွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူဧက ၅၀၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၀၆ခုနှစ်တွင် ၈၆၇၅၃ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇ ခုနှစ်အတွက် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် ဘားအံတက္ကသိုလ်သို့ရောက်ရှိကြပြီး ဘားအံတက္ကသိုလ် စုဝေးခန်းမ၌ ဘားအံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ အခြေခံပညာအထက်တန်း ဓာတုဗေဒနှင့် ဇီဝဗေဒသင် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်း တက်ရောက်နေကြသော အခြေခံပညာ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲ၌ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးမြသိန်းက အခြေခံပညာအထက်တန်း ဓာတုဗေဒနှင့် ဇီဝဗေဒသင် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၊ပညာရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးတွင် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၏ သင်ကြားပို့ချမှု စွမ်းရည်မြင့်မားရေးပေါ်တွင်တည်မှီကြောင်း၊ ထို့ကြောင့် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားပို့ချမှုစွမ်းရည်မြင့်မားအောင် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချရခြင်းဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏တပည့်များအား နိုင်ငံတော်က အားထားရသည့် ကိုယ်ကျင့်တရားကောင်းမွန်၍ အသိပညာ၊ အတတ်ပညာ စွမ်းရည်မြင့်မားသော သားကောင်း၊ သမီးမွန်များ ဖြစ်လာအောင် ယခု ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းတွင် သင်ကြားပို့ချမှုများကို ကြိုးစားသင်ယူ၍ ပြန်လည်ပို့ချသင်ကြားပေးကြရန် အလေးထား မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး သင်တန်းတက်ရောက်နေသော အခြေခံဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘားအံမြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံရှိ ပြင်ပလူနာဌာနနှင့် အထူးဆေးဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အထူးဆေးဆိုင်တွင် နိုင်ငံတော်က တားမြစ်ထားသော ဆေးဝါးများကို ရောင်းချခြင်းမပြုရန်၊ ဆေးဝါးအမယ်စုံလင်စွာ ရောင်းချသွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးကုသမှုခံယူနေကြသော ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ကာ သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆေးရုံအုပ်ကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်က ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံတော်၏ လူမှုရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အရေးပါသော ဝန်ထမ်းများဖြစ်ကြောင်း၊ ပြည်သူတို့က ကိုးစားယုံကြည်စွာ အားကိုးအားထားပြုလာအောင် သမားကောင်း၊သူနာပြုကောင်း၊ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားထမ်းဆောင်ကြရန် မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘားအံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိ၍ သင်တန်းကျောင်းခန်းမ၌ သင်တန်းသူများအား တွေ့ဆုံမှာကြားပြီး သူနာပြုသင်တန်းကျောင်းအတွက် ငွေကျပ် ၅၀၀၀၀၀ကို ကျောင်းအုပ် ဒေါ်ခင်စောမူထံ ပေးအပ်ကာ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘားအံမြို့ ခွဲကပင်ခန်းမ၌ ဘားအံခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်က ကရင်ပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးကဏ္ဍများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်သည် အေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှု ရရှိလာပြီဖြစ်ရာ မကြာမီ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရနှင့်ပြည်သူတို့ အတူတကွ ပူးပေါင်းဆောင်ရွက်မှုကြောင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာမှု၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များနှင့် ဆေးရုံဆေးခန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ နိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် ပူးပေါင်းနေထိုင်၍ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အသက်တမျှ အရေးကြီးသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးဝါဒအဖြစ် သတ်မှတ်ခံယူကာ မိမိဒေသဖွံ့ဖြိုးရေး၊ မိမိနိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် မိမိတို့နှင့်အတူ တက်ညီလက်ညီ စည်းစည်းလုံးလုံး လက်တွဲဆောင်ရွက်ကြပါရန် အလေးထား ပြောကြားလိုပါကြောင်း။

ဖြစ်ပေါ်လာတော့မည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းခံယူကျင့်သုံးဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့နယ် တရုတ်လှစံပြကျေးရွာရှိ ဘားအံမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၏ နွေစပါးဆင်းသွယ်လတ်ဧက ၂၀ စံပြစိုက်ခင်း၌ ကျင်းပသော နွေစပါး မြေသြဇာကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ဇော်က စံပြစိုက်ခင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စိုက်ခင်းအတွင်း မြေသြဇာကြဲပက်နေမှုနှင့် နွေစပါးစိုက်ခင်း၌ ဆင်းသွယ်လတ်စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘားအံ–မော်လမြိုင် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်တလုံးကျေးရွာအုပ်စု မူးကဝါကျေးရွာ၌ ကျင်းပသော မူးကဝါ–ကော့သံခါ ကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်က မူးကဝါ–ကော့သံခါ ကျေးရွာချင်းဆက်လမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျေးရွာမှ ဒေသခံ တိုင်းရင်းသားပြည်သူတစ်ဦးက နိုင်ငံတော်အား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်တို့အား မူးကဝါ– ကော့သံခါ ကျေးရွာချင်းဆက်လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးလွန်းအောင်က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ထို့နောက် မူးကဝါ–ကော့သံခါ ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ဂဝံလမ်းသစ်အား ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းသစ်ဖွင့်ပွဲမှခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဧည့်သည်တော်များနှင့်အတူ လမ်းသစ်ကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘားအံ–မော်လမြိုင် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီရုံးသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီမှ ရဲမှူးကြီးတင်သိန်းဟန်က မော်လမြိုင်စက်မှုဇုန်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စက်မှုလုပ်ငန်းရှင်များက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် စက်မှုဇုန်များကို တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က စက်မှုဇုန်များအတွက် အဘက်ဘက်မှ ပံ့ပိုးပေးသကဲ့သို့ စက်မှုလုပ်ငန်းရှင်များကလည်း စက်မှုထုတ်ကုန်များကို သွင်းကုန်အစားထိုး ထုတ်လုပ်ခြင်းမှ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်တွင် လုပ်ငန်းတူရာအလိုက် ကော်မတီများဖွဲ့စည်းပြီး ထုတ်ကုန်တစ်မျိုးအတွက် လိုအပ်သော အစိတ်အပိုင်းများကို အရည်အသွေးရှိရှိ အဆင့်မီမီ ခွဲဝေထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းတွင် နည်းပညာသည် မရှိမဖြစ်လိုအပ်သဖြင့် စက်မှုနည်းပညာ၊ ခေတ်မီနည်းပညာ ကျွမ်းကျင်တတ်မြောက်သော ပညာတတ်လူငယ်များကို နေရာပေး၍ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စက်မှုလုပ်ငန်းရှင်များအချင်းချင်း အတတ်ပညာ၊ အရင်းအနှီးပူးပေါင်း၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်သွားရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်စက်မှုဇုန်ရှိ ရွှေဟသာ်(စက်ရုံ)၊ King ရော်ဘာကြိုတ်စက် ထုတ်လုပ်ရေးစက်ရုံ၊ သီဟမာန် သုံးဘီးဆိုင်ကယ်စက်ရုံ၊ စိန်ကြယ်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံနှင့် ခရော့မ်ရော်ဘာစက်ရုံတို့၌ လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံပိုင်ရှင်အသီးသီးတို့က စက်ရုံများအလိုက် လိုက်လံရှင်းလင်းပြသကြသည်။

မော်လမြိုင် စက်မှုဇုန်မှ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မော်တော်ယာဉ်ထုတ်လုပ်ခွင့်စီးရေ ၆၃၀ အနက် ၃၀၄ စီး ထုတ်လုပ်ပြီးစီးပြီး King ရော်ဘာကြိတ်စက်ရုံမှ ရော်ဘာကြိတ်စက်များကို ထုတ်လုပ်လျက်ရှိသည်။

ထိုနည်းတူ ခရော့မ်ရော်ဘာစက်ရုံမှ ရော်ဘာကုန်ကြမ်းကို အခြေခံသော သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တနိုင်းနှင့် ဖားကန့်မြို့နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနား–တနိုင်းကားလမ်းပေါ်ရှိ ဒွန်ဘန်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ အလေအလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်း မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ် ဆောင်ရွက်လျက်ရှိသည့် နမ့်ဖြတ်ကျေးရွာအနီးရှိ ယုဇနကုမ္ပဏီ၏ ကြံဧကနှစ်သိန်း စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနိုင်းချောင်း ချောင်းကူး တံတားသို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးကြပြီး တံတားတိုင်များ ရေတိုက်စားမှုမှကာကွယ်နိုင်မည့် အစီအမံများကို တာဝန်ရှိသူများအား မှာကြားကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနိုင်းမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဟူးကောင်းခန်းမ၌ တွေ့ဆုံကြပြီး အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် တနိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလှက ရှင်ဗွေယံမြို့မှ အသင်းဝင် အဆိုပြုလွှာ ၇၂၀ကို ပေးအပ်ရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူက လက်ခံသည်။

ထို့နောက် တိုင်းမှူးက ဒေသခံများအတွက် အဝတ်အထည်များကို လည်းကောင်း၊ ဝန်ကြီးက ဒေသခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက် ဖြန့်ဝေပေးမည့် ဆက်သွယ်ရေး ကွန်ရက်တစ်ခု ထူထောင်နိုင်ရန် PAC (Public Access Center) တစ်ခု တပ်ဆင်မည့် စက်ပစ္စည်းများကို လည်းကောင်း၊ ဒေသတွင်း လမ်းဖောက်လုပ်ရေးအတွက် စက်သုံးဆီနှင့် ဘိလပ်မြေအိတ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အသစ်ဖောက်လုပ်နေသော ဝရာဇွတ်–ကာမိုင်း ဖြတ်လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေးကြပြီး စာကြည့်တိုက်ခန်းမအတွင်း စာစောင်၊ မဂ္ဂဇင်းဖတ်ရှုနေကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက်ဝန်ကြီးက မြို့နယ်ရုံးမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ လိုက်ပါ၍ ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့တော်ခန်းမ၌ပြသလျက်ရှိသည့် ပထမအကြိမ် ရှမ်းပြည်နယ်သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၇) သို့ ရောက်ရှိကြပြီး ကုမ္ပဏီများ၏ ICT နည်းပညာပစ္စည်းများ၊ ကွန်ပျူတာနည်းပညာနှင့်ပတ်သက်သောဗဟုသုတ ဉာဏ်စမ်းပဟေဠိ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကိုကြည့်ရှုကြပြီး ကုမ္ပဏီများ၊ တာဝန်ရှိသူများနှင့် ကြည့်ရှုလေ့လာနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ညပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ စာကြည့်တိုက်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ တောင်ကြီးကိုယ်ပွားသတင်းစာတိုက်၊ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံးနှင့် မော်ကွန်းရုပ်ရှင်ရုံး၊ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကြပြီး ဌာနတာဝန်ခံများ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးမှာကြားသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ဧပြီ ၁ ရက် နံနက် ၈ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်နေသော တောင်ကြီး–လွိုင်လင်လမ်းပေါ်ရှိ နန်းပွန်ချောင်းဖြတ်မိုင်းပွန်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးက တံတားကို သတ်မှတ်ချိန်ထက် စောပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ ပြည့်မီအောင် တည်ဆောက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

မိုင်းပွန်တံတားမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပွန်မြို့အနီး နန်းပွန်ချောင်းကိုဖြတ်ကျော်၍ တံတားအရှည် ၂၀၈ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေရှိ၍ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်နယ်သည် အကျယ် ၄၈ ပေ၊ အမြင့်ခြောက်ပေနှင့် တံတားခံနိုင်ဝန်မှာ တန် ၆၀ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် လွိုင်လင်မြို့ ရတနာစည်စာသင်တိုက်ရှိ ရတနာစည်ကျောက်စီမြေတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာစည်စာသင်တိုက် ဓမ္မာရုံကြီး၌ ရတနာစည်ကျောက်စီမြေတံတားရေစက်ချမင်္ဂလာ အခမ်းအနား

➪ ကာကွယ်ရေးဝန်ကြီးဌာနမှ

ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟူသည့် ဦးတည်ချက်သုံးရပ်တို့ကို ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး စာပေပညာရှင်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ယင်းကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့အကျိုးပြုစာပေများက တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိရာ ထွန်းဖောင်ဒေးရှင်းဘဏ်က နိုင်ငံ့အကျိုးပြုစာပေများကို ယခုကဲ့သို့ ပါဝင်ချီးမြှောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာတတ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ပညာရည်တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာတတ်မှသာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မည် ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့အကျိုးပြုစာပေများကို ယခုချီးမြှောက်သကဲ့သို့ နောင်တွင်လည်း ဆက်လက်အားပေးချီးမြှောက်သွားစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီနာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးလှမြိုင်(ကိုဆောင်း)က အမှာစကား ပြောကြားသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဒါရိုက်တာအဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက စာပေဆုများချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အတွင်းရေးမှူး ဦးမျိုးသန့်(မောင်ဆုရှင်)က ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ၏ ဆုရွေးချယ်ရေးအစီရင်ခံစာပါ ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၀၆) ကျန်းမာရေးဘာသာရပ်ဆုအတွက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထုတ်ဝေသည့် " Conquest of Scourges in Myanmar; An Update"စာအုပ်ကို စုဆောင်းရေးသားတည်းဖြတ်ကြသော ဒေါက်တာဦးကိုကို၊ဒေါက်တာဦးကျော်လွင်နှင့် ဒေါက်တာထွန်းအောင်ကျော်တို့ကိုယ်စား ဒေါက်တာဦးကိုကိုအား ဆုများချီးမြှင့်သည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တောင်ကြီးမြို့တော်ခန်းမ၌ ပြသလျက်ရှိသည့် ပထမအကြိမ် ရှမ်းပြည်နယ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၇)တွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)

ကိုကျင်းပရာ ပရိသတ်တို့က လွိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဝါးတောချောင်းဆရာတော် ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်၁၀၈ပါးတို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ချီးမြှင့်ကြသည်။ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝါးတောချောင်းဆရာတော်ထံ သပိတ်လုံးဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရတနာစည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒထံ သပိတ်လုံးဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ရတနာစည်ကျောက်စီမြေတံတား တည်ဆောက်ရေးအတွက် ကျောက်ဆည်မြို့နေ ဦးထွန်းထွန်းနိုင်နှင့် ဇနီးတို့က အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းကြရာ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေးက လက်ခံသည်။

ထို့နောက်ရတနာစည်ဆရာတော်က ရတနာစည် ကျောက်စီမြေတံတား ဖြစ်ပေါ်လာပုံနှင့် ဝမ်းမြောက်ကြောင်း အနုမောဒနာတရားကို ချီးမြှင့်သည်။

ယင်းနောက် ရတနာစည်ဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြကာ ရေစက်ချမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ရတနာစည်ကျောက်စီမြေတံတားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်ပရိသတ်တို့က ဆရာတော် သံဃာတော် ၁၀၈ ပါးတို့အား လှူဖွယ်များလောင်းလှူကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မုခ်ဦးရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်လှစ်လိုက်သော ရတနာစည် ကျောက်စီ မြေတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုကြကာတက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါရတနာစည်ကျောက်စီမြေတံတားမှာ အလျားပေ ၃၀၀၊ အကျယ် ၁၈ပေ၊ အမြင့်ပေ ၅၀ ရှိ ကျောက်တစ်ထပ်၊ မြေတစ်ထပ် ကျောက်စီမြေတံတားအမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်ကြီး/ယာဉ်ငယ်များတံတားပေါ်မှဖြတ်သန်း၍ လွိုင်လင်မြို့သို့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လွိုင်လင်မြို့ မြကန်သာပန်းခြံအနီး၌ကျင်းပသည့် လွိုင်လင်မြို့ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်သည်။

အခမ်းအနားသို့ လွိုင်လင်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်းမှူး၏ ဇနီး၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်တို့က ခြံစည်းရိုးကြက်ဆူပင် ကိုင်းများကို လွိုင်လင်မြို့နယ်မှ တာဝန်ရှိသူများအား ဖြန့်ဖြူးပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်ကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး စာကြည့်တိုက်၌ပြသထားသည့် အေးချမ်းသာယာပြည်မြန်မာ၊ ရွှေပြည်သစ်၊ သာယာရွှေပြည်၊ ရွှေမြန်မာ၊ ငြိမ်းချမ်းရေးပန်းခင်း စသည့်နံရံကပ်စာစောင်များနှင့် ခရိုင်အတွင်း တိုးတက်မှုမြင်ကွင်း ဓာတ်ပုံများပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိများနှင့်ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် မိုင်းပွန်မြို့တွင် ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိကြပြီး တိုင်းမှူးက စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်ကို လည်းကောင်း၊ ဝန်ကြီးက စာကြည့်တိုက်အတွက် စာစောင်၊ မဂ္ဂဇင်းများကို လည်းကောင်း၊ တိုင်းမှူး၏ဇနီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်းကောင်း စာကြည့်တိုက်မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွက် ထောက်ပံ့ပစ္စည်း ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂ရက် မွန်းလွဲ ၂နာရီတွင် ရွှေညောင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေညောင်လူငယ်ခေတ်မီစာကြည့်တိုက်သို့ ရောက်ရှိကြပြီး ရပ်ရွာပညာပဒေသာဌာနအတွက် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အပ်ချုပ်စက်နှင့် ကက်ဆက်များကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရပ်ရွာပညာ ပဒေသာဌာနအတွက် ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာကြည့်တိုက်အတွက် စာအုပ်များကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရပ်ရွာပညာ ပဒေသာဌာနအတွင်း လက်မှုလုပ်ငန်းများ သင်ကြားနေမှုနှင့် လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှမ်းပြည်နယ်တောင်ပိုင်း ခရီးစဉ်အတွင်း တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် လွိုင်လင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများမှဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် ပြန်ကြားရေး ဝန်ထမ်းများသည် မိမိတို့လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆ၊ သုံးဆတိုးပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများကို ကျေးဇူးဆပ်ရာ ရောက်မည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် ချမှတ်ပေးထားသော ၂၀၀၇ ခုနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်(၉)ရပ်ကို အောင်မြင်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့မြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ချမှတ်ပေးထားသောလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက သမိုင်းဘာသာရပ်ဆုရ **"နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်း ဗိုလ်ရာညွန့်"** စာအုပ်ကို ရေးသားသူ ဦးအောင်နိုင်အား ဆုချီးမြှင့်သည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ဦးသိန်းထွန်းက စီးပွားရေးဘာသာရပ်ဆုရ **"အမှိုက်ထဲကရွှေနှင့် လူနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ"** စာအုပ်ကို ရေးသားသူအောင်စည်ဟိန်းအားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီနာယက ဦးလှမြိုင်(ကိုဆောင်း)က အတ္ထုပ္ပတ္တိဘာသာရပ်ဆုရ**"ကျွန်တော် မြန်မာသစ်တောသမားနှင့် လက်ရွေးစင် ဆောင်းပါးများ"**စာအုပ်ကို ရေးသားသူ ဦးရဲမြင့်(သစ်တော)အားလည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဒါရိုက်တာအဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီးဦးသက်ထွန်းက ယဉ်ကျေးမှုဘာသာရပ်ဆုရ"Some Observations on History and Culture of Early Myanmar" စာအုပ်ကို ရေးသားသူ ကွယ်လွန်သူဆရာကြီး ဒေါက်တာသန်းထွန်းကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်ရီအားလည်းကောင်း ဆုများကိုချီးမြှင့်ကြသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဘဏ်ဒါရိုက်တာအဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါက်တာစိန်မောင်က ကလေးသူငယ်ဘာသာရပ်ဆုရ **"လူငယ်တို့အတွက် ဘဝနေထိုင်နည်း"** စာအုပ်ကို ရေးသားသူ ဒေါက်တာမြင့်လွင်အားလည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဒါရိုက်တာအဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီဝင် စီးပွားရေးပညာရှင် ဒေါက်တာမောင်မြင့်က စီးပွားရေးဘာသာရပ်ဆုရ **"မြန်မာ့ပင်လယ်အဏ္ဏဝါ အခြေခံခရီးသွားလုပ်ငန်း"** စာအုပ်ကိုရေးသားသူ တင်သန်းယု(မြန်မာ့ခရီးသွား)အားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဦးတင်ခ(တက္ကသိုလ်တင်ခ) က ကျန်းမာရေးဘာသာရပ်ဆုရ **"ကျန်းမာစေကြောင်း နည်းလမ်းကောင်းများ"** စာအုပ်ကိုရေးသားသူ အောင်(ဆေး–၁)အားလည်းကောင်း၊ပညာရေးဝန်ကြီးဌာနဝန်ကြီး (အငြိမ်းစား) ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါက်တာကျော်စိန်က သမိုင်းဘာသာရပ်ဆုရ"Kinwun Mingyi Thamaing "စာမူကိုရေးသားသူ ဦးအောင်သန်းထွန်း (မုံရွာ)အားလည်းကောင်း၊ စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်(အငြိမ်းစား) ထွန်းဖောင်ရှင်းစာပေဆုရွေးချယ်ရေးကော်မတီဝင် စီးပွားရေးပညာရှင် ဦးမြတ်သိန်းက စီးပွားရေးဘာသာရပ် ဆုရ**"မြန်မာ့ကုမ္ပဏီ လုပ်ငန်းအခြေခံများ"**စာမူကိုရေးသားသူ ဦးဖေသန်းတင်အားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီကိုယ်စား အဖွဲ့ဝင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်ဆုရရှိသူများသည် စုပေါင်း၍ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

❍ NLD ပါတီမှ

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့်လည်းကောင်း၊ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိတော့သဖြင့်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၇။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၈:၁၅ ၈။ ခါသကြိန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရက္ခဗေဒ)
၅:၀၀ ၅။ တေးဂီတအစီအစဉ်
၅:၁၀ ၆။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ" (ကျော်ရဲအောင်၊ချစ်သူ၊ ဇော်ဝင်းမောင်၊မေ့ာစ်၊ လင်းဇာနည်ဇော်ပွင့်) (ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး ဝ/သ ရန်ကုန်)**
၅:၂၀ ၇။ လုပဝင့်ကြွား ဖောင်တော်ကြီး ဆိပ်ခံတံတား
၅:၃၀ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၄၅ ၉။ ခါသကြိန်အဆိုအကများ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သီရိဂေဟာ
၇:၀၀ ၁၃။ Discovery.
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ရင်ခုန်သံ" (အပိုင်း–၁၂)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း–၂၅)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းစစ်ဆေးသား၊ ငါးကဏ္ဍ ရည်မှန်းချက်ပြည့်မီကျော်လွန်ရေး အသေးစိတ် ဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မတ် ၃၁ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်ခရိုင် ကျောက်ဖြာကျေးရွာအုပ်စု လော့လော့ကျေးရွာရှိ ဗင်းဒွေကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်အသားတိုး မွေးမြူရေးစခန်းသို့ ရောက်ရှိရာ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက မွေးမြူထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မြိတ်ခရိုင် လော့လော့ကျေးရွာရှိ ဗင်းဒွေကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်အသားတိုးမွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဗင်းဒွေကုမ္ပဏီ၏နှစ်ဧကကန်(၁၀)လုံးကို စတင်မွေးမြူမှု အခြေအနေကိုလည်းကောင်း၊ ဆက်လက်၍ ပုစွန်ကန်များပြုပြင်ထားမှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် လော့လော့ကျေးရွာ သမုတ်မြစ်ဘေး၌ မင်းဇာနည်ကုမ္ပဏီက တစ်ဧက ကန်အလုံး(၅၀)ဖြင့် ကကတစ်ငါး အသားတိုးနှင့် သားပေါက်များ မွေးမြူ ထုတ်လုပ်ရေး စတင်ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မြိတ်မြို့ရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံ လုပ်ငန်းရှင်များ၊ ရေလုပ်ငန်း ကုမ္ပဏီများနှင့် အသားကဏ္ဍ မွေးမြူထုတ်လုပ်သူ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ သား၊ ငါးကဏ္ဍ ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် ဖြည့်စွက်ဆောင်ရွက်ရမည့် အခြေအနေများ၊ ကြက်၊ ငှက်တုပ်ကွေးရောဂါမကျရောက်စေရေးအတွက် ဇီဝလုံခြုံမှု ကြိုတင်ဆောင်ရွက်ရမည့် အခြေအနေများကိုအသေးစိတ် ဆွေးနွေးမှာကြားသည်။

တင်ပြ

ထို့နောက်တနင်္သာရီတိုင်းငါးလုပ်ငန်းဦးစီးဌာနမှူးက ငါး၊ ပုစွန်နှင့် ရေထွက်သယံဇာတများ၊ ထုတ်လုပ်နိုင်မှု အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှုအခြေအနေကိုလည်းကောင်း၊ တနင်္သာရီတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်က အသားကဏ္ဍ မွေးမြူထုတ်လုပ်နိုင်မှုနှင့် တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အစီအမံများ၊ ပညာပေးစည်းရုံးနိုင်မှုအခြေအနေများကိုလည်းကောင်း တက်ရောက်လာသော ရေလုပ်ငန်းကုမ္ပဏီနှင့် မွေးမြူသူများက လုပ်ငန်းဆိုင်ရာများကို လည်းကောင်း တင်ပြကြရာ ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တိုးမြှင့်ရေးကော်မတီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေထွက်ပစ္စည်းဖမ်းဆီး/မွေးမြူ ထုတ်လုပ်သောအသင်းအဖွဲ့များမှ အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ ခုနှစ် မြန်မာ့ရေထွက်ပစ္စည်း ပြည်ပပို့ကုန် တိုးမြှင့်ရေးဆိုင်ရာ ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမ်းဗြဲမြို့နယ် ကျောက်နီမော် ကျောင်းဆရာတော် ဦးကုလီနနှင့် ကျောက်ဖြူမြို့နေ ဒေါ်ကျန်တင်မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

မြိုင်ဆရာတော်တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတရေ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာ ဇောတ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် ဧပြီ ၅ရက်တွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့ (၁၆)ရပ်ကွက် မလွန်ဆန်လှူဓမ္မသဘင်၊ ၆၊၇၊၈ရက်တွင် ဧရာဝတီတိုင်း ဇလွန်မြို့ မဟာသာကြီးရွာ ဓမ္မသဘင်၊ ၉ ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ တလုတ်မြို့ ဓမ္မသဘင်၊ ၁၁ရက်တွင်သာကေတမြို့ သဒ္ဒါရုံလမ်းမကြီးဓမ္မသဘင်၊ ၁၂ရက်တွင် ဇလွန်မြို့ မဟာသာကြီးရွာ ဓမ္မသဘင်၊ ၁၄ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၈)ရပ်ကွက် မဥ္ဇူလမ်း အောင်သုခဗိမာန်ကျောင်းတိုက်ဓမ္မသဘင်၊ ၁၅ရက်တွင် သာကေတမြို့ သဒ္ဒါရုံ(၄)လမ်း ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်သူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ -၁၈၁တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကမာကြည်လမ်းအား ကျောက်ချောကတ္တရာ ထပ်ပိုးလွှာခင်းကျင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကမာကြည်လမ်းထပ်ပိုးလွှာခင်းကျင်းမှုကြည့်ရှု

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန-ဌာနမှူး ဦးလင်းထွန်းမြင့် တို့လိုက်ပါလျက် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်နေသော လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ရေးဦးစွာမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် သုဝဏ္ဏမြို့ ကမာကြည်လမ်းသို့ နံနက် ၇နာရီခွဲတွင် ရောက်ရှိလာရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် အင်ဂျင်နီယာများက သုဝဏ္ဏမြို့သံသုမာလမ်းထိပ်မှ ကမာကြည်တံတား ချဉ်းကပ်လမ်းထိ ပေ ၄၄၀၀ရှည် လေးလမ်းသွား ကမာကြည်လမ်း ကျောက်ချောကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းထားရှိမှု၊ သာကေတမြို့နယ်ဘက်မှ ကမာကြည်တံတား ချဉ်းကပ်လမ်းထိ ပေ ၁၈၂၅ ရှည် လေးလမ်းသွား ကမာကြည်လမ်း ကျောက်ချောကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းထားရှိမှုများကို လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ဌာနမှူး ဦးဗိုလ်ဌေးလိုက်ပါလျက် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် လေးထောင့်ကန်လမ်းဆုံ မြေအောက် ကွန်ကရစ်ရေမြောင်း တည်ဆောက်နေမှုကို လည်းကောင်း၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံမှ တာမွေလေး ခုံးကျော်တံတားထိပ်ထိ ပေ ၄၀၅၀ အရှည် လေးထောင့်ကန်လမ်းအား ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီးနောက် ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများအား ယခုကဲ့သို့ ပွင့်လင်းရာသီတွင် ဆောင်ရွက်ရန် စီမံချက်ချထားသည့်လုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်ဝစွာဖြင့် ပြီးပြတ်အောင် ဆောင်ရွက်ရန်မှာကြားသွားသည်။

(၁၉)

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းနေ ဆရာမကြီး ဒေါ်အေးအေးခန့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်း တစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၁) လှိုင်မြို့နယ် ပဒေသာကပွဲကို မတ် ၂၇ ရက်တွင် ကျင်းပရာ ပန်းရည်ဘဏ်တိုက် သီချင်းဖြင့် မပိုင်အိန္ဒြေဦး ကပြဖျော်ဖြေတင်ဆက်စဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မန္တလေးတိုင်းရှိ အကျိုးတူကျောက်မျက်လုပ်ငန်းများ စစ်ဆေး မိုးကုတ်ပတ္တမြားကို မြန်မာနိုင်ငံ ဈေးကွက်၌ တွင်ကျယ်အောင် ဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် ဧပြီ ၄

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၂ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း စဥ့်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်များရှိ ရွှေဖက်စပ်လုပ်ကွက်များသို့ ရောက်ရှိစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ Future Engineering Group ၏ ကြက်ဆူပင်ပျိုးခင်းနှင့် ဧက ၅၀ စိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ကြက်ဆူပင်စိုက်ခင်းအား အောင်မြင်မှုရအောင် စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် မိုးကုတ်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိ၍ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ ရိုးသားကြိုးစားကြရန်နှင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၃ရက်တွင် မိုးကုတ်မြို့နယ် ကျောက်မျက်လုပ်ကွက်များ ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံတော်နှင့် အကျိုးတူ ဆောင်ရွက်မည့်လုပ်ငန်းရှင်များ လိုက်ပါလျက် မိုးကုတ်နှင့် ကျက်ပြင်အနီးတစ်ဝိုက်၌ တူးဖော်နေသည့် လုပ်ကွက်များအား ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်မည့် ဘောမားအရှေ့ပြန့်လုပ်ကွက်သို့ ရောက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် လုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ပတ်ဝန်းကျင်လုပ်ကွက်အခြေအနေများ၊ နိုင်ငံတော်နှင့် အကျိုးတူ လုပ်မည့်လုပ်ကွက်များအား ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်နှင့် အကျိုးတူ ကျောက်မျက်လုပ်ငန်းများ ဆောင်ရွက်မည့်ဘော်ပဒန် လုပ်ကွက် (၁)နှင့် (၂)အား လေ့လာကြည့်ရှု၍ လုပ်ငန်းရှင်များက တူးဖော်ဆောင်ရွက်မည့် အခြေအနေ တင်ပြချက်များကို ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်အေး လုပ်ကွက်သို့ ရောက်ရှိပြီး လုပ်ကွက်တာဝန်ခံ၏ ရှင်းလင်းတင်ပြချက်များအပေါ် စနစ်တကျ တူးဖော်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရှေ့တန်းကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)ရုံး၌ ကျောက်မျက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းရှင်များအနေဖြင့် ကျောက်မျက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ္စာရှိရှိဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရန်၊ ကျောက်ကြီးကျောက်ကောင်းများ ထွက်အောင် ဆောင်ရွက်သကဲ့သို့ နိုင်ငံတော်က ဦးစီးကျင်းပသည့် ရတနာပြပွဲများတွင် တင်ပြရောင်းချရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ္ဘာ၌ နာမည်ကျော်ကြားနေသည့် မြန်မာနိုင်ငံမှ မိုးကုတ်ပတ္တမြားကို မြန်မာနိုင်ငံ ဈေးကွက်တွင် တွင်ကျယ်အောင် ဆောင်ရွက်သွားရန်၊ ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးကို ဖောက်ချဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မိုးကုတ်မြို့နယ်အသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရပ်ကွက်နှင့် ကျေးရွာ စည်းရုံးရေးမှူးများအတွက် အသင်းဝင်ဝတ်စုံနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မိုးကုတ်နှင့် ကျက်ပြင်အနီး တူးဖော်နေသည့် ကျောက်မျက် လုပ်ကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ သမ္မတနှင့်သွင်ရုံ၌ ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဧပြီ ၄

ယခုသောကြာပတ် ဧပြီ ၆ရက်တွင် မြန်မာရုပ်ရှင်ဓာတ်ကားသစ် ရုံမဝင်ဘဲ ပြသဆဲ **"ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ"** ဓာတ်ကား သမ္မတနှင့်သွင်ရုံတို့၌ ဆက်လက်ပြသမည်ဖြစ်သည်။

ပြည်ဖြိုးမြတ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဓာတ်လမ်းနှင့် ဒါရိုက်တာ ထွန်းအောင်ဇော် ရိုက်ကူးသည့် **"ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ"** ဓာတ်ကားမှာ မြန်မာဘုရင်တို့ ထီးနန်းစိုက်ရာ ရတနာပုံအား ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်ထားသော ကာလကို ဓာတ်လမ်းကျောရိုးပြု ရိုက်ကူးထားသည့် ဓာတ်ကားဖြစ်သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်လိုကြသော မျိုးချစ်ခုခံရေးသမားများနှင့် နယ်ချဲ့အလိုတော်ရိ သစ္စာဖောက်များ သူတစ်ပြန် ကိုယ်တစ်ပြန် ဉာဏ်စွမ်းပြိုင်တိုက်ခိုက်ကြပုံများအား ပီပြင်စွာ ရိုက်ကူးထားသော ဓာတ်ကား တစ်ကားဖြစ်သည်။

အဆိုပါဓာတ်ကားတွင်အကယ်ဒမီကျော်သူ၊ အကယ်ဒမီကျော်ရဲအောင်၊ အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ သတိုးစော၊ အောင်ပိုင်၊ အကယ်ဒမီမျိုးသန္တာထွန်း၊ အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီချိုပြုံးနှင့် အကယ်ဒမီ ရွှေမဝစမ်းစမ်းအေးစသည့် အကယ်ဒမီဆုရ သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။ အသံစနစ်ကို ခေတ်မီစတီရီယိုစနစ် ထည့်သွင်းရိုက်ကူးထားသဖြင့် အရုပ်ရော အသံပါ ကောင်းမွန်သည့် ဓာတ်ကားဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် ဒါရိုက်တာ BENNY CHAN ရိုက်ကူးပြီး နာမည်ကြီးကွန်ဖူးမင်းသား ဂျက်ကီချန်း ပါဝင်သည့် ROB-B-HOOD ဓာတ်ကား ပြသမည်ဖြစ်သည်။

လျှို့ဝှက်သည်းဖို ဓာတ်လမ်းကို ဟာသရောစွက် ရိုက်ကူးထားခြင်းဖြစ်သည်။

ရွှေဆောင်ရုံ

ရွှေဆောင်ရုံတွင် ၂၀၀၆ ခုနှစ် အကောင်းဆုံးဆုလေးဆုရ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယရုပ်ရှင်ကား DHOOM-2 BACK IN ACTION ပြသမည်ဖြစ်သည်။ ၎င်းဓာတ်ကားတွင် မင်းသားချော HRITIK နှင့် မင်းသမီးချော ASHWARIYA RAI တို့ ပါဝင်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ EDWARD ZWICK ရိုက်ကူးပြီး မင်းသား လီယိုနာဒိုဒီကာပရီယို ပါဝင်သည့် BLOOD DIAMOND ဓာတ်ကြမ်းကား ပြသမည်ဖြစ်သည်။ **(ကြေးမုံ)**

ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ ဓာတ်ကားမှ ကျော်သူနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

ဓမ္မစွမ်းရည်မဟာစည် သာသနာ့ရိပ်သာတရားစခန်း

ရန်ကုန် ဧပြီ ၄

စစ်ကိုင်းတောင်ရိုး ဂေါသိတာချောင် ဓမ္မစွမ်းရည်မဟာစည်သာသနာ့ရိပ်သာကြီးတွင် မဟာသင်္ကြန် ၁၀ရက်တရားစခန်းကို ဧပြီ ၈ရက် (တန်ခူးလပြည့်ကျော် ၇ရက်) တွင် ဖွင့်လှစ်၍ ဧပြီ ၁၇ရက်(နှစ်ဆန်း တစ်ရက်နေ့)တွင် တရားစခန်းသိမ်းမည်။ လာရောက်တရားအားထုတ်လိုသူများ ဘဒ္ဒန္တသိရိန္ဒ ဓမ္မစွမ်းရည် မဟာစည်ရိပ်သာနှင့် ဦးဟန်းမြိုင်၊ သီဟသုဓမ္မသီဂီ ဒေါ်မေသက်မွန်(မော်မော်စန်းထိုးမုန့်) ဖုန်း-၀၉-၂၀-၀၂၅၉၅-၆၁၈၆၁ မန္တလေးမြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

သောင်းကျန်းသူများထောင်ထားသည့် မိုင်းများနင်းမိ၍ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်၌ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဧပြီ ၄

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းမြို့နေ မတင်တင်ခိုင်သည် မတ် ၂၉ရက်တွင် မုန်းမြို့အရှေ့မြောက်ဘက်ရှိ မြောင်ဦးရွာ၌ ဟင်းရွက်ခူးရာမှ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် ဝဲဘက်ခြေသလုံးတွင် မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထန်းတပင်မြို့နယ်နေ မောင်ဇော်နိုင်နှင့် မောင်သက်ဦးတို့သည် မတ် ၃၁ရက်တွင် ကရင်ပြည်နယ် သံတောင်မြို့နယ် ဘူးလုံရွာ အထက်ဘက် တောထဲသို့ ထင်းခုတ်ရန်သွားရောက်စဉ် မိုင်းတစ်လုံး နင်းမိသဖြင့် ဇော်နိုင်နှင့် သက်ဦးတို့ ဒဏ်ရာအသီးသီးရရှိခဲ့ပြီး ဇော်နိုင်မှာ ရရှိသောဒဏ်ရာကြောင့် သွေးထွက်လွန်ပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း နှင့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုနှင့် ပူးပေါင်း၍ ဖမ်းဆီးအရေးယူနိုင်ရေး တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောင်းကျန်းသူများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် ဧပြီ ၄

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် နံနက် ၉နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု ဇောကိုကျေးရွာမှ ဦးအောင်သိန်းနှင့် သားနှစ်ဦးဖြစ်ကြသည့် မင်းအောင်နှင့် အောင်ထွန်းလင်းတို့သုံးဦးတို့သည် တောင်ယာသို့သွားရောက်ကြစဉ် တောလမ်းတစ်နေရာ၌ သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲကာ မင်းအောင် အသက်(၂၈)နှစ်၏ ညာဘက်ခြေချင်းဝတ်ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိသည့် မင်းအောင်အား သက်ဆိုင်ရာတာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်သာဓုအနုမောဒနာခေါ်ခြင်း

ဦးသိန်းအောင်-ဒေါ်တင်တင်မိုး ရွှေလမင်းနို့ဆီစက်မိသားစု၏ ၃၀-၃-၂၀၀၇ ရက် (သောကြာနေ့)တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် **ကျောင်းကိုးကြီးကျောင်းတော်ရာ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီး**အား ဘက်စုံမွမ်းမံပြင်ဆင်ခြင်း၊ **ဘုရားကြီးတန်ဆောင်း၊ ယောဂီဆောင်နှင့် ရွှေလမင်းကျောင်းတော်ကြီး**တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ **စက်ရေတွင်း၊ မီးစက်၊ ရေကန်၊ ရေစင်များ**အပါအဝင် လိုအပ်ချက်အားလုံး ပြည့်စုံစွာ လှူဒါန်းခြင်းနှင့် ကျောက်တိုင်ရွာရှိ သာသနိကအဆောက်အအုံများ၊ စေတီပုထိုးဟောင်းများ၊ ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းခြင်း၊ စက်ရေတွင်း၊ မီးစက်လှူဒါန်းခြင်းနှင့် **နတ်မောက်-ပျော်ဘွယ်**သွား ကားလမ်းမကြီးမှ သာစည်-ထန်းတပင်-ကြက်သွန်ခင်း-ကံဦး ကျေးရွာ)များသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် **ရွှေလမင်းလမ်းမကြီး**ဖောက်လုပ်လှူဒါန်းခြင်း၊ အထက်ဖော်ပြပါ လှူဒါန်းမှုအစုစု၏ ရေစက်ချ အခမ်းအနားကို အောင်မြင်စွာကျင်းပလှူဒါန်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက် သာဓုအနုမောဒနာ ခေါ်ပါကြောင်း။

၁။ ဒုးရင်းသီးဦးစိုးမြင့် (လူမှုထူးချွန်ဆု) မျိုးနို့ဆီလုပ်ငန်း
၂။ ဦးလှထွန်း (လူမှုထူးချွန်ဆု) စံချိန်မီနို့ဆီလုပ်ငန်း(သုံးဆယ်မြို့)

၃။ ဦးကြီးမြင့်	ရွှေပါရမီရှင်နို့ဆီလုပ်ငန်း	၇။ ဦးတင်ဝင်း	MOT နို့ဆီလုပ်ငန်း၊အာမခံကိုယ်စားလှယ်လုပ်ငန်း	၁၀။ ဦးမောင်မောင်	ကြယ်မင်းနို့ဆီလုပ်ငန်း
၄။ ဦးကျော်အောင်	သန်းကြွယ်နို့ဆီလုပ်ငန်း	၈။ ဦးတင်မောင်ဦး	ရွှေအုန်းနို့ဆီလုပ်ငန်း	၁၁။ ဦးသန်းမောင်	ပုလဲဖြူနို့ဆီလုပ်ငန်း
၅။ ဦးစံထွန်း	ထိပ်တန်းနို့ဆီ(ကျိုက်ထိုမြို့)	၉။ ဒေါ်ဘုဒ်-မသူဇာ	ရွှေလမင်းနို့ဆီလုပ်ငန်း (ပဲခူးမြို့)	၁၂။ ဦးသန်းလွင်	သရဖူနို့ဆီလုပ်ငန်း
၆။ ဦးတင်ဝင်း	ရွှေစကြာနို့ဆီ			၁၃။ ဦးသန်းဝင်း	ထီလာဝင်း နို့ဆီလုပ်ငန်း

ဒေါ်သိင်္ဂီဝင်းအတွက် ဆုမွန်

ရုရှားနိုင်ငံ မော်စကိုမြို့ GUBKIN University တွင် M. E. Mech: တက်နေသော သမီးကြီး ဒေါ်သိင်္ဂီဝင်း B. E. Mech; အလုပ်ရုံမှူး၊ သန်လျင် ရေနံချက်စက်ရုံ၏ ၅-၄-၂၀၀၇ မွေးနေ့တွင် သက်ရှည် ကျန်းမာရွှင်လန်းပြီး နိုင်ငံအတွက် ထူးချွန်ထက်မြက်သော သမီးကောင်းရတနာ တစ်ဦး ဖြစ်နိုင်ပါစေ။

မေမေ-ဒေါ်ခင်စန်းရီ(ဗိုလ်မှူးဝင်းကြည်) ကမ္ဘာအေးအိမ်ရာ
မောင်လေး-Dr. **မြတ်သူဝင်း-**Dr. **ဝင်းရွှေစင် (ရောဂါဗေဒ)**
ညီမလေး-ဒေါ်ကေသီဝင်း B.Sc (Chem;) **ဗိုလ်ချုပ်ဈေး**
ဗိုလ်မှူးဝင်းနိုင်(ငြိမ်း) B. A(D.S.A) **မြစိမ်းခနေ** Co.,Ltd.
တူမလေးများ-နှင်းလဲ့ဖြူဝင်း (၃-နှစ်၊ ဆေးဝါးတက္ကသိုလ်)
ဟေမာန်မြတ်သူ၊ အိမ့်ဇွန်ပွင့် (ချစ်စု)

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပိုင်ရှင် ဦးခင်မောင်ထွန်းအား ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် New Age Inter-national University, Seborga, Italy မှ ချီးမြှင့်ပေးအပ်သော Honorary Degree of DOCTOR OF PHILOSOPHY in the field of Herbal Medicine ဘွဲ့နှင့် GOLD MEDAL in the field of Holistic Health ရွှေတံဆိပ်ဆုကို အိန္ဒိယနိုင်ငံ Kolkataမြို့ Taj Bengal Hotel ၌ ကျင်းပသော International Conference and Covocation Ceremony တွင် တက်ရောက်လက်ခံရယူခဲ့ကြောင်း သိရှိရပါသဖြင့် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ကျန်းမာသက်ရှည်စွာဖြင့် တိုင်းရင်းဆေးပညာ၏အကျိုးကို ဆတက်ထမ်းပိုး (တိုး၍) တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမောင်နီ(ခ)ဦးရင်ရွှေ-ဒေါ်လှိုင်
(မိသားစု) ဖန်ပုလင်း(ထုတ်လုပ်ရေး)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ခန့်ထူး၏ Cof I (မနလ)လက်မှတ် အမှတ်-၂၆၂၆၀ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၅၂၅၃၉၁**

သင့်သွေးဖြင့် အသက်ကယ်ပါ

ပေးအပ်လှူဒါန်း

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေရှိ စေတီတော်များနှင့် သာသနိက အဆောက်အအုံများ လျှပ်စစ်မီးများ သွယ်တန်းပူဇော်ရန်အတွက် ဦးအေးကျော်-ဒေါ်ခင်မိုးလွင်၊ သား မောင်မိုးကျော်စန်းမိသားစု ငှက်ပျောတောလမ်း စမ်းချောင်းမြို့နယ်က မီးတိုင်၊ မီးကြိုးတစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးလင်းရေး ကော်မတီဝင် ဦးကျော်လွင် (ဥက္ကဋ္ဌ ရွှေပေါက်ကံစက်မှုဇုန်) ထံ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

အလက(၉) အင်းစိန် (ယခင်)စိန်ဂျော့ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉) အလက(ယခင်) စိန်ဂျော့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ဒေါ်နန်းအိဗာ (အလက-၉၊ အင်းစိန်၊ ကျောင်းအုပ်ကြီး) ဖုန်း-၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း-၀၉-၅၁၃၃၁၀၂၊ ၆၆၃၉၁၁၊ ဒေါ်ညွှန့်ညွှန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဦးမြတ်စိုး ဖုန်း-၆၆၆၅၁၅၊ ဒေါ်စီစီမာ ဖုန်း-၆၄၃၈၇၉၊ ဒေါ်အေးမိမိထွေး ဖုန်း-၆၄၃၈၇၉၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆ နှင့် ဦးတင်ထွန်းဦး ဖုန်း-၂၅၅၁၁၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဓမ္မာရုံ၊ ရေကန်၊ တန်ဆောင်းနှင့် ကျောက်စာတိုက်ဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် သရက်ကုန်းကျေးရွာ မင်းကျောင်း ဝိသုဒ္ဓိဓမ္မာရုံ၊ မေတ္တာရေကန်၊ ကျောက်တော်ကြီး ဘုရားတန်ဆောင်း၊ ဆရာတော် ဦးပဏ္ဍိတ၏ရုပ်တုတော်နှင့် ထေရုပ္ပတ္တိကျောက်စာတိုက် ဖွင့်ပွဲကို ဧပြီ ၁၄ ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	နိဗ္ဗာန်ဆိုတာ တကယ်ရှိတယ် တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
၈:၀၀	ဓာတ်ပုံမှတစ်ဆင့် ရှုရှိခံစားရသများ
၈:၃၀	ခါသကြိုဏ်အဆိုအက
၈:၃၅	ပြည်တွင်း အနုပညာရေးရာ
၉:၀၅	ခါသကြိုဏ်အဆိုအက
၉:၁၀	ကလသာပူရ၏ နှလုံးသားပဲ့တင်သံ
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	ပြည်တွင်း သတင်းအကျဉ်း
၉:၄၀	Celebrity Style (သရုပ်ဆောင် ရတနာပုံနှင့်တွေ့ဆုံခြင်း)
၁၀:၁၅	ခါသကြိုဏ်အဆိုအက
၁၀:၂၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀:၄၀	ခါသကြိုဏ်အဆိုအက
၁၀:၄၅	အမျိုးသမီးများတွင် အဖြစ်များတတ်သော ကင်ဆာရောဂါများ (သားအိမ်ခေါင်းကင်ဆာ၊ သားမြတ်ခေါ်ရင်သားကင်ဆာ) (ဒေါက်တာသီတာစန်း)
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	အားလပ်ချိန်မှာအကျိုးရှိစွာ ပညာရှာ(Little Artists ပန်းချီသင်တန်းကျောင်း)
၁၁:၂၀	ခါသကြိုဏ်အဆိုအက
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	ခါသကြိုဏ်အဆိုအက
၁၁:၄၀	သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့်မြန်မာနိုင်ငံ (အပိုင်း-၁)
၁၂:၁၀	ခါသကြိုဏ်အဆိုအက
၁၂:၁၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(ပျားလိမ္မော်)
၁၂:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	သွားမယ်၊စားမယ် (California Cake & Bakery)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ သီရိမင်္ဂလာရိပ်သာနေ
ဦးသန့်စင်(Chairman)-ဒေါ်တင်မေလတ် (Managing Director)W & W Co.,Ltd.
ကံ့ကော်အထူးကုစင်တာ(ရန်ကုန်+မန္တလေး)တို့၏ တစ်ဦးတည်းသောသား
မောင်ကျော်စင်လတ်
(Bachelor of Business, USQ, Australia)
Director, W & W Co.,Ltd., ကံ့ကော်အထူးကုစင်တာ(ရန်ကုန်+မန္တလေး)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်းနေ
ဒုတိယဗိုလ်မှူးကြီးမင်းလှိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-
ဒေါ်ခင်စောနွယ်(အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး
မအိန္ဒြေမင်းမင်း
(Bachelor of Pharmacy)
(Diploma in Management Accounting)

တို့၏ ၁၇-၃-၂၀၀၇ရက်တွင် Traders Hotel Myanmar Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အကြီးအကဲများ၏ မိသားစုများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ ဇနီး ဒေါ်မာလာတင့်အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့်ဇနီး ဒေါ်မာမာဝေအားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြား လက်ထပ်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်ဒေါက်တာကျော်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်ကြည်ကြည်ချစ်မောင်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်ခင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်သန်းဦး(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်သန်းအားလည်းကောင်း၊ ၁၁-၃-၂၀၀၇ရက်တွင် Sedona Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခဲ့ပါသော တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်/နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ ရပ်ဝေး၊ ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ အခါတော်ပေးသီဆိုပေးသော အဆိုတော် ဒေါ်ရီရီသန့်နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ယဉ်ကျေးမှုအနုပညာ ပန်တျာကျောင်းအဖွဲ့နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူခင်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မသီရိသံစဉ်နှင့် မထက်စုအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မစုရီဝင်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မနန်းစိုးယုမွန်၊ သတို့သားအရံ မောင်စိုင်းမျိုးထွန်းနှင့် Mr. Tan၊ သတို့သမီးအရံ မမေထူးနှင့် မနိုင်သဥ္ဇာဝေချို၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မမဥ္ဇူ၊ မိတ်ကပ်ဆံပင် အလှဖန်တီးပေးသော မိတ်ကပ် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ပန်းအလှပြင်ပေးသော Eternal Flower ၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးမောင်မောင်ညွှပ်နှင့်အဖွဲ့၊ Studio 49 အဖွဲ့၊ Sedona Hotel၊ Traders Hotel၊ Hotel Nikko နှင့် မဟာစည်သာသနာ့ရိပ်သာမှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စင်လတ်-မအိန္ဒြေမင်းမင်း

အရှင်စန္ဒသာရ(ကျောင်းကုန်း) တရားပွဲ

ရန်ကုန် ဧပြီ ၄

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့် သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်စန္ဒသာရ(ကျောင်းကုန်း) အရှင်မြတ်သည် ဧပြီ ၇ရက် ည ၇နာရီတွင် စမ်းချောင်း မြေနီကုန်း ဓမ္မာရုံကြီးတွင် ဓမ္မရောင်ခြည်ပြန့်ပွားရေးအဖွဲ့ကြီး၏ နှစ်နှစ်မြောက် ဓမ္မသဘင်ပွဲအဖြစ် တရားဟောကြားမည်ဖြစ်သည်။ ဆရာတော် ဖုန်း-၀၉-၅၁၄၇၄၄၈၊ ၀၄၆-၄၀၄၉၈ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၆)စာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပသည့် ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၆)စာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူအား ဆုချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်းစာပေဆုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က နှစ်စဉ်စာပေဆုများကို ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ ယခု ထွန်းဖောင်ဒေးရှင်းဘဏ်က ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၆) စာပေဆုကို ချီးမြှင့်သည့်အတွက် များစွာကျေနပ်အားရကြောင်း။

နိုင်ငံတော်က နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုရေးဦးတည်ချက်(၄)ရပ်တွင်ပါဝင်သည့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်

စာမျက်နှာ ၉ ကော်လံ ၂ သို့ ⇨

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၆) စာပေဆု ချီးမြှင့်ပွဲတွင် စာပေဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်အတွင်း ဌာနဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ရှမ်းပြည်နယ် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ရှေ့ မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်၊ တောင်ကြီးခရိုင်နှင့် ကလောမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်ကို တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရုံးသစ်အတွင်းပြသထားသည့် နံရံကပ်စာစောင်များ၊ ခရိုင်အတွင်းလူထုလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ လှုပ်ရှားမှုဓာတ်ပုံများနှင့် မြို့နယ်အတွင်းခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုမှတ်တမ်းဓာတ်ပုံများကို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးသစ်ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိ ဝက်လက်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဧပြီ ၄

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဟံလင်းကျေးရွာမှ ဦးဝင်းဗိုလ်သည် ဖေဖော်ဝါရီ ၂၆ရက်တွင်လည်းကောင်း၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကိုင်းပြင်ကျေးရွာမှ ဦးမျိုးဝင်းသည် ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်းကောင်း ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။**စာမျက်နှာ ၉ ကော်လံ ၆ သို့** ❍

ထူးခြားသည့် နေ့အပူချိန်များ

(၄-၄-၂၀၀၇)

မြင်းမူ	–	၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)
မုံရွာ၊ မန္တလေး၊ ညောင်ဦးနှင့်မကွေး	–	၄၂ ဒီဂရီ စင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	–	၃၉ ဒီဂရီ စင်တီဂရိတ် (၁၀၂ ဒီဂရီ ဖာရင်ဟိုက်)